# ယနေ့မြန်မာ နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၈၆)၊ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ၁၆-၉-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကင်းသာရေထိန်းတမံ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့မှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နဝင်းချောင်းတံတား(အဆုံ)အား ယာယီဘေလီတံတားထိုး၍ တည်ဆောက်ပြုပြင်နေမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇေယျာသီရိမြို့နယ်မှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ဆင်သေချောင်းအတိုင်း ရေတိုက်စားမှုကြောင့် ကားလမ်းဘေး ရေတိုက်စားပျက်စီးနေမှုများ၊ ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ယာဉ်များ စောင့်ဆိုင်းနေရမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နဝင်းချောင်းတံတား(အဆုံ)နေရာသို့ ရောက်ရှိကြပြီး ရေတိုက်စားမှုကြောင့်ပြိုကျပျက်စီးခဲ့မှုအား ယာယီဘေလီတံတား တည်ဆောက်ပြုပြင်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးရာ

စာမျက်နှာ ၃ သို့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၅

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၄ ) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

# ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ ယခုနှစ်ဆောင်ပုဒ်မှာ "မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့"Montreal Protocol Advancing Climate Action" ဖြစ်သည်။

မွန်ထရီရယ် နောက်ဆက်တွဲစာချုပ်သည် ရာသီဥတုပြောင်းလဲမှုအပေါ် ပိုမိုကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုရှိကာ ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံများပူးပေါင်းကိုင်တွယ်ဖြေရှင်းရန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ကမ္ဘာပေါ်ရှိ သက်ရှိများကို ကာကွယ်ရန် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် လိုအပ်ကြောင်းကို ယခုဆောင်ပုဒ်က အလေးပေးတိုက်တွန်းထားသည်။

ကမ္ဘာတစ်ဝန်းအသုံးပြုသော အအေးပေးဒြပ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာသည့် အိုဇုန်းလွှာပျက်စီးမှုသည် ယနေ့ခေတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စရပ်များတွင် အဓိကထား ဖြေရှင်းရမည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ်တွင် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၉ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက်နှင့် ၂၀၁၂ ခုနှစ် ပေကျင်းပြင်ဆင်ချက်များတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်လက်မှတ်ရေးထိုးပြီး အိုဇုန်းလွှာပျက်စီးစေမည့် ဒြပ်ပစ္စည်းများ လျှော့ချရပ်ဆိုင်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်ပါ ကတိကဝတ်များအရ ကမ္ဘာ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုကြောင့် အိုဇုန်းလွှာအခြေအနေမှာ တစ်နှစ်လျှင် ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းနှုန်းဖြင့် ပြန်လည်ကောင်းမွန်လာသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လေထုပူနွေးမှု လျော့နည်းစေသည့် အအေးပေးနည်းပညာများ တီထွင်ရေး၊ ပြုပြင်ထိန်းသိမ်းခြင်းတွင် အိုဇုန်းလွှာကို မထိခိုက်စေသည့် အစားထိုးဒြပ်ပစ္စည်းများ ပြောင်းလဲအသုံးပြုရေးသည် အရေးကြီးသော အခန်းကဏ္ဍဖြစ်သည်။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းမှုတွင် အထူးသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများနှင့် ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသည့် ဒြပ်ပစ္စည်းများ လျှော့ချသုံးစွဲရန်လိုအပ်ပြီး စွမ်းအင်ချွေတာနိုင်သော အအေးဓာတ်ထိန်းညှိသည့် နည်းပညာများနှင့် စွမ်းဆောင်ရည်တိုးမြှင့်စေသည့်နည်းပညာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှုများကို လျှော့ချနိုင်မည့်အပြင် စားနပ်ရိက္ခာဆုံးရှုံးမှုကိုလည်း ကာကွယ်နိုင်မည့် အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ရေတိုက်စားပျက်စီးခဲ့သည့် ကျောက်ဆည်-ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်လမ်းပေါ် သံရွာအနီး လမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ပြီးစီး



**မန္တလေး စက်တင်ဘာ ၁၅**

စက်တင်ဘာ ၇ရက်မှ စတင်၍ ရွာသွန်းခဲ့သော မိုးသည်းထန်မှုအရှိန်ကြောင့် ကျောက်ဆည်-ဟန်မြင့်မိုရ်-မြို့ကြီး-ရှာင်လမ်းပေါ်ရှိ သံရွာအနီး၌ ကတ္တရာလမ်းမှာ ပေ ၂၀၀ခန့်အထိ ပျက်စီးရေမျောပါခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းသည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ဒေသနှင့် ရှမ်း(တောင်)ကို ဆက်သွယ်သည့်မဟာဗျူဟာလမ်းမကြီး တစ်ခုဖြစ်သည်။ ထို့ပြင် အဆိုပါလမ်းသည် တောင်ကြီး-ကလော-ယင်းမာပင်-ဘုရားငါးဆူလမ်းနှင့် ဆက်စပ်နေပြီး တောင်ကြီးမြို့သို့ တိုက်ရိုက်ပေါက်သည့် ပြည်ထောင်စုလမ်းမကြီး တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်၍ အဆိုပါလမ်းအား အမြန်ပြန်လည် အသုံးပြုနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု၊ ဆက်သွယ်မှု မပြတ်တောက်စေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၏ ဦးဆောင်ကြီးကြပ်မှု၊ လမ်းဦးစီးအဖွဲ့၏ အနီးကပ်စီမံဆောင်ရွက်မှု၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများနှင့် လုပ်သားများ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ရက် မွန်းလွဲပိုင်းတွင် ပြန်လည်ပြုပြင် မြေဖို့ပြီးစီးခဲ့ပြီးဖြစ်သည်။ ယခုအခါ အဆိုပါလမ်းကြောင်းအား ပြည်သူများ ပုံမှန်ပြန်လည်အသုံးပြုသွားလာနေပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ဝ၅၄)

## မြစ်ရေတိုက်စား၍ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းထောက်ပံ့

**ရေနံချောင်း စက်တင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရေနံချောင်းမြို့နယ်ဦးစီးမှူးရုံးမှ ဧရာဝတီမြစ်ရေတိုက်စား၍ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့သော အိမ်ခြေ၊ အိမ်ထောင်စုများအား ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုးတို့အား ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဌေးအောင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးတို့က ပေးအပ်ရာ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းသို့ ထောက်ပံ့ပေးအပ်ရာတွင် ရေနံချောင်းမြို့နယ်၊ မာန်မြေကျေးရွာအုပ်စု၊ မာန်မြေအနောက်စုကျေးရွာနှင့် ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု၊ ရုံးဆိပ်ကျွန်းကျေးရွာတို့တွင် ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုဘေးအန္တရာယ်ကျရောက်နိုင်သောကြောင့် (၅-၉-၂၀၂၄) ရက်နှင့် (၆-၉-၂၀၂၄)ရက်နေ့တို့တွင် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့အိမ်ခြေ(၂၀)လုံး၊ အိမ်ထောင်စု(၂၀)စု၊ လူဦးရေ(၇၁)ဦးတို့အတွက် ဆန်ရိက္ခာဖိုး ငွေကျပ် ၁၄၉၁၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၂၀၀၀၀၀၀၊ ထောက်ပံ့ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၂၁၄၉၁၀၀အား ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (၄၇၂)





## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) တို့ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ချမ်းမြသာစည်မြို့နယ်အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးမြင့်ဆွေ ရဲမှူးကြီး(ငြိမ်း)က အဖွင့်အမှာစကားနှင့် MANA အသင်းအကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်းက Party Drugs အကြောင်း၊ အတွင်းရေးမှူး ဒေါက်တာ တင်ထွန်းမော်က ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ မျိုးခိုင်က Vape အန္တရာယ်အကြောင်းတို့ကို အသီးသီးဟောပြောကြပြီး၊ ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများမေးမြန်းခဲ့ကြသည်။

ဆက်လက်၍ MANA (mdy) အသင်းမှ လက်ကမ်းစာစောင်များပေးအပ်ပြီး ကျောင်းအုပ်ဆရာကြီးဦးမြင့်ခိုင်(ညွှန်ကြားရေးမှူး)က လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကင်းသာလမ်းဆုံ၌ ကားလမ်းဘေးရေတိုက်စားပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**✪ ရွှေဖုံးမှ**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အများပြည်သူများ သွားလာမှု အဆင်ပြေစေရေး အတွက် အမြန်ဆုံးပြီးစီးနိုင်ရေး နေ့ညမပြတ် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် လမ်းတံတား နေရာများအား အများပြည်သူ သွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှု အပေါ် သင်ခန်းစာယူ၍ တံတားများ တည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ပြင် တံတားကြီးနေရာများ၌ ရေဝင်ရောက်ရာ လမ်းကြောင်းနှင့် ရေထွက်ရာလမ်းကြောင်းနေရာများကို ရေလမ်းကြောင်းဖြောင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားခဲ့ပြီး ရေဝင်ရောက်ခဲ့မှုအခြေအနေများနှင့် ယာယီဘေလီတံတား ထိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နဝင်းချောင်းတံတား (အဆုံ) ယာယီဘေလီတံတားကို တံတားခံနိုင်ဝန် တန် ၄၀၊ အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သံဘေလီသုံးလွှာ တစ်ထပ် တံတားထိုးခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၁ ရက်မှစ၍ အစားထိုး စတင်တည်ဆောက်လျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ရေအလုံးအရင်း ဝင်ရောက်ခဲ့မှုကြောင့် ကင်းသာရေထိန်းတမံ ထိခိုက်ပျက်စီးခဲ့မှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကင်းသာလမ်းခွဲမှ တစ်ဆင့် ကင်းသာအုပ်စု၊ ၃ မိုင်ကျေးရွာအနီးရှိ ကင်းသာရေထိန်းတမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကင်းသာချောင်းတစ်လျှောက် တောင်ကျ

စာမျက်နှာ ၄ သို့ »»

- ❍ ရေကြီးရေလျှံမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် လမ်းတံတားနေရာများအား အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ပြန်လည်ပြုပြင်ခြင်းများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားရန်လို
- ❍ ယခုကဲ့သို့ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ချိန်တွင် တံတားများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် သင်ခန်းစာယူ၍ တံတားများတည်ဆောက်ရာတွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင် ဆောင်ရွက်သွားရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နဝင်းချောင်းတံတား(အဆုံ)အား ယာယီဘေလီတံတားထိုး၍ တည်ဆောက်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သိုက်ချောင်းတံတား(ဆင်သေချောင်းကူး)အား ယာယီဘေလီတံတားထိုးခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

»» စာမျက်နှာ ၃ မှ

ချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့မှုနှင့် တမံအပေါ်မှ ရေသုံးပေခန့်ကျော်ကျခဲ့မှု၊ သစ်တုံးကြီးများနှင့် နုန်းအနှစ်များ၊ သဲများ တမံအတွင်း အများအပြား ဝင်ရောက်၍ သောင်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကင်းသာတမံအတွင်း သောင်ထွန်းနေမှု၊ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဝင်ခဲ့မှုကြောင့် တမံကျိုးပေါက်နေမှု၊ သစ်ပင်သစ်တုံးကြီးများ တမံအတွင်း ပိတ်ဆို့နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ချောင်းအထက်ပိုင်း၌ သစ်ပင်များကို အများအပြား ထုတ်ယူခြင်းကြောင့် ရေစီးဆင်းမှုနှုန်းကို ထိန်းသိမ်းနိုင်စွမ်းအားနည်းလာကာ ယခုကဲ့သို့မိုးအဆက်မပြတ်ရွာသွန်းချိန်တွင် ရေအလုံးအရင်းဖြင့် စီးဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ သစ်ပင်သစ်တုံးများကို ခုတ်ယူပြီး ချောင်းကမ်းနဖူးများတွင် စုပုံထားခြင်းကြောင့် ရေစီးနှင့်အတူ မျောပါလာသည့် သစ်တုံးကြီးများ၏ ရိုက်ခတ်မှုများကြောင့် ရေလမ်းကြောင်းတစ်လျှောက် ထိခိုက်ပျက်စီးမှုများနှင့် တမံကျိုးပေါက်ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေလမ်းကြောင်း ရှင်းလင်းခြင်းလုပ်ငန်းများ၊ တမံအတွင်း ပြည့်နှက်နေသည့် နုန်းများ၊ သဲများကို ဖယ်ထုတ်ခြင်း လုပ်ငန်းများကို အဆင့်လိုက်ဆောင်ရွက်သွားရန် လိုကြောင်း၊ ကနဦးအနေဖြင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများနှင့် တမံဧရိယာ ပြန်လည်ဖော်ဆောင်ခြင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်သွားရန် လိုပြီး ထိုသို့ ဆောင်ရွက်ပြီးမှ သာလျှင် ကျိုးပေါက်နေသည့် တမံနေရာများ စနစ်တကျဖြင့် ပြန်လည်ပြုပြင်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကင်းသာရေထိန်းတမံသည် ၁၉၉၄-၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအတွင်း ၇၂ ဧကပေသာ သိုလှောင်ထိန်းသိမ်းနိုင်သည့် ရေထိန်းတမံငယ်ဖြစ်ကြောင်း၊ ရာဂီမုန်တိုင်း အရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ကင်းသာရေထိန်းတမံအတွင်း ရေဝင်ရောက်မှု များပြားခဲ့သဖြင့် တမံထိပ်မျက်နှာပြင်မှ သုံးပေအထိ ရေကျော်စီးဆင်းခဲ့ကာ တမံ၏ ရေထုတ်ပြွန်အနီးတွင် ရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ တမံအတွင်း သိုလှောင်နိုင်သည့် ရေပမာဏထက် ၁၂ ဆခန့်ရှိသည့် တောင်ကျချောင်းရေများ ဝင်ရောက်ခဲ့ခြင်း၊ တောင်ကျချောင်းရေနှင့်အတူ သဲနုန်းပို့ချခြင်းများရှိခဲ့ခြင်းတို့ကြောင့် တမံမှ ရေသိုလှောင်နိုင်ခြင်း မရှိတော့ဘဲ မြေသားပေါင် ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကင်းသာသစ်ဆိပ်မှ သစ်လုံးကြီးများသည်လည်း ရေစီးကြောင်းအတိုင်း မျောပါခဲ့ပြီး ရေထိန်းတမံအား အရှိန်အဟုန်ဖြင့် ဝင်ဆောင့်ခဲ့မှုများကြောင့် တမံထိခိုက်ပျက်စီးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

- ကင်းသာရေထိန်းတမံသည် ၁၉၉၄-၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအတွင်း ၇၂ ဧကပေသာ သိုလှောင်ထိန်းသိမ်းနိုင်သည့် ရေထိန်းတမံငယ်ဖြစ်
- ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားပြီး ကင်းသာရေထိန်းတမံအတွင်း ရေဝင်ရောက်မှုများပြားခဲ့သဖြင့် တမံထိပ်မျက်နှာပြင်မှ သုံးပေအထိ ရေကျော်စီးဆင်းခဲ့ကာ တမံ၏ရေထုတ်ပြွန်အနီးတွင် ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့
- တမံအတွင်း သိုလှောင်နိုင်သည့် ရေပမာဏထက် ၁၂ ဆခန့်ရှိသည့် တောင်ကျချောင်းရေများ ဝင်ရောက်ခဲ့ခြင်း၊ တောင်ကျချောင်းရေနှင့်အတူ သဲနုန်းပို့ချခြင်းများရှိခဲ့ခြင်းတို့ကြောင့် တမံမှရေသိုလှောင်နိုင်ခြင်းမရှိတော့ဘဲ မြေသားပေါင် ထိခိုက်ပျက်စီးခဲ့ခြင်းဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သုံးမိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သုံးမိုင်ကျေးရွာရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကင်းသာလမ်းခွဲနေရာ၌ ရေတိုက်စားမှုကြောင့် လမ်းကြောင်းပျက်စီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အား ယာယီဘေလီတံတားထိုးခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အား ယာယီဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဆင်တည်ဆောက်ပြီးစီးပြီဖြစ်သည့် ယာယီဘေလီတံတားပေါ်မှ မော်တော်ယာဉ်များဖြင့် မောင်းနှင်ဖြတ်သန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်






သိုက်ချောင်းတံတား(ဆင်သေချောင်းကူး) ယာယီဘေလီတံတားပေါ်၌ ယာဉ်များဖြတ်သန်းသွားလာနေမှုကို တွေ့ရစဉ်။

* စာမျက်နှာ ၂၄ မှ

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ပုဂံဒေသသို့ ယခင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းစေတီပုထိုးများနှင့် စေတီတော်ကြီးများ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဗိသုကာပညာရှင်များ၊ အင်ဂျင်နီယာ ပညာရှင်များ စေလွှတ်၍ တိုင်ပင်ဆွေးနွေး ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် နိုင်ငံတော်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိုးသည်းထန်စွာ ရွာသွန်းခဲ့စဉ် အနည်းငယ်ပြိုကျပျက်စီးခဲ့သည့် သဗ္ဗညုဘုရားကြီး မြောက်ဘက်အဝင်မုခ်ဦးနေရာအား ကြည့်ရှုစစ်ဆေးစဉ်။

စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီဖြစ်စေရေး ရှေးမူမပျက်စေရေး ကျွမ်းကျင်သူများဖြင့် စနစ်တကျ အချိန်ယူ တိုင်ပင်ဆွေးနွေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ယဉ်ကျေးမှုအမြင်၊ ဗိသုကာ အမြင်များဖြင့်လည်း ကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သဗ္ဗညုဘုရားကြီး လိုဏ်ပတ်လမ်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်းဝင် ဘုရင့်နောင် မင်းတရားကြီး ခေါင်းလောင်းစာ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ခေါင်းလောင်း စာများအား ပြန်လည်သန့်ရှင်းရေး ဆောင်ရွက်၍ ပြသထားရန်လိုကြောင်း၊ ခေါင်းလောင်းပေါ်တွင် ရေးထိုးထားသည့်စာသား၏ အဓိပ္ပာယ်ကိုလည်း အများပြည်သူများ သိရှိနိုင်ရေး ပြင်ပ၌ အဆင့်မီမီ ဖော်ပြထားရှိရန်လိုကြောင်း မှာကြားသည်။

**❖ ခေါင်းလောင်းစာများအား ပြန်လည်သန့်ရှင်းရေး ဆောင်ရွက်၍ ပြသထားရန်လို**

**❖ ခေါင်းလောင်းပေါ်တွင် ရေးထိုးထားသည့် စာသား၏ အဓိပ္ပာယ်ကိုလည်း အများပြည်သူများ သိရှိနိုင်ရေး ပြင်ပ၌ အဆင့်မီမီ ဖော်ပြထားရှိရန်လို**

### သဗ္ဗညုဘုရားကြီး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သဗ္ဗညုဘုရားကြီးသို့ ရောက်ရှိဖူးမြော် ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီးအတွင်း လိုဏ်ပတ်လမ်းအတွင်း လှည့်လည်၍ ရှေးခေတ်လက်ရာ နံရံဆေးရေးပန်းချီများ၊ ကနုတ်ပန်းများ၊ ရှေးဟောင်းစာပေများ ထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရားကြီး အထက်ပစ္စယံတွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး အထက်ပစ္စယံတွင် လက်ယာရစ်လှည့်လည်၍ ရေရှည်တည်တံ့ခိုင်မြဲရေးပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့စဉ် အနည်းငယ်ပြိုကျပျက်စီးခဲ့သည့် သဗ္ဗညုဘုရားကြီး မြောက်ဘက်အဝင် မုခ်ဦးနေရာအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

### ဆင်ကအုတ်တိုက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုဂံမြို့သစ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ၁၀၄၂ ဆင်ကအုတ်တိုက်နေရာသို့ ရောက်ရှိကြပြီး မိုးသည်းထန်စွာရွာသွန်းစဉ် နံရံနှစ်ဖက်နှင့် ပေါင်းကူးအမိုးတို့ ပြိုကျပျက်စီးခဲ့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရာသီဥတုကောင်းမွန်ချိန်တွင် ပြန်လည်ပြုပြင်မှုများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း မူလအတိုင်းအထွာများ အတိုင်းဖြစ်စေရန်နှင့် ယခုပြိုကျခဲ့သည့် မူလအုတ်များကို အသုံးပြုဆောင်ရွက်သွားရန် လိုကြောင်း မှာကြားပြီး ဆင်ကအုတ်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်ကအုတ်တိုက်တွင် မိုးသည်းထန်စွာ ရွာသွန်းစဉ် ပြိုကျပျက်စီးခဲ့မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

# သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများမှာ ကမ္ဘာ့နိုင်ငံအားလုံးရှိ လူသားများအတွက် အထူးစိုးရိမ်စရာဖြစ်လာဟု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း BRICS Media Summit သို့ တက်ရောက် ဆွေးနွေးပြောကြား




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း BRICS Media Summit တွင် အမှာစကားပြောကြားစဉ်။

မော်စကို စက်တင်ဘာ ၁၅

BRICS Media Summit ကို စက်တင်ဘာ ၁၄ ရက်တွင်မော်စကိုမြို့ရှိ World Trade Centre(WTC) ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

နံနက် ၁၀ နာရီတွင် BRICS မီဒီယာခေတ်ပုံပြပွဲ ဖွင့်ပွဲကျင်းပရာ ရုရှားသတင်းအေဂျင်စီ TASS ၏ အကြီးအကဲ Mr . Andrey Kondrashov နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Sergei Ryabko တို့က အဖွင့်အမှာစကားပြောကြားကြပြီး ခေတ်ပုံပြပွဲအတွင်း ခင်းကျင်းပြသထားသည့် မှတ်တမ်းခေတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ BRICS Media Summit ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရုရှားသတင်းအေဂျင်စီ TASS ၏ အကြီးအကဲ Mr. Andrey Kondrashov က အဖွင့်အမှာ စကား ပြောကြားသည်။

ယင်းနောက် BRICS Media Summit ကို ကျင်းပရာ ရုရှားသတင်းအေဂျင်စီ TASS ၏ ဒုတိယအကြီးအကဲ Mr . Mikhail Gusman က ညှိနှိုင်းရေးမှူး (Moderator )အဖြစ် ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov က ဗီဒီယိုမှတစ်ဆင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Sergei Ryabko၊ BRICS Media Forum ၏ အမှုဆောင်ဥက္ကဋ္ဌ ဆင်ဟွာသတင်းဌာနအကြီးအကဲ Mr. Fu Hua၊ ရုရှားနိုင်ငံ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ OIC မှ ကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ မွန်းလွဲပိုင်းတွင် BRICS Media Summit ကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒူးမားလွှတ်တော် နိုင်ငံတကာရေးရာဥက္ကဋ္ဌ Mr. Leonid Slutsky တို့က အမှာစကားပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးပြောကြားရာတွင် မီဒီယာသည် အလွန်သြဇာကြီးမားသည့်အလျောက် ယနေ့ ကမ္ဘာ့နိုင်ငံများ၏ နေ့စဉ်လူနေမှုဘဝကိုပင် ပုံဖော်နေသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ လူသားတို့၏ နေ့စဉ်ဘဝတွင် စားဝတ်နေရေးအပြင် သတင်းအချက်အလက် ရရှိရေးသည်လည်း လိုအပ်ချက်တစ်ခု ဖြစ်လာပါကြောင်း။

မီဒီယာသည် ကမ္ဘာ့တိုင်းပြည်များစွာ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်စုံတွင် ဝင်ဆံ့ပြီး သြဇာလွှမ်းနေသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ မီဒီယာများ၏ ထိုးဖောက်ဝင်ရောက် ပျံ့နှံ့နိုင်မှုစွမ်းရည်ကြောင့် ကမ္ဘာ့နိုင်ငံများတွင် ရင်းနှီးကျွမ်းဝင်မှုများ တည်ဆောက်နိုင်သကဲ့သို့ သတင်းတု/သတင်းမှားများ၏ အန္တရာယ်ကြောင့် နိုင်ငံတည်ငြိမ်မှုပျက်ပြားပြီး ဖွံ့ဖြိုးမှုနှောင့်နှေးနေရသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

## လိုသလိုသတင်းကို ပုံဖော်ရေးသားလာ

ကမ္ဘာ့မီဒီယာကဏ္ဍတွင် သမားရိုးကျမီဒီယာများ တည်ရှိနေသေးသော်လည်း နည်းပညာအလွန်အမင်း ဖွံ့ဖြိုးတိုးတက်လာမှုအရ ခေတ်သစ်မီဒီယာ ထွန်းကားလာပြီး သတင်းသမားသာမက လူထုအားလုံးက လိုသလို သတင်းကို ပုံဖော် ရေးသားလာကြသည့်အတွက် သတင်းတု၊ သတင်းမှားနှင့် ဘက်လိုက်သတင်းများမှာ ကမ္ဘာ့နိုင်ငံအားလုံးရှိ လူသားများအတွက် အထူးစိုးရိမ်စရာ ဖြစ်လာခဲ့ပါကြောင်း။

သတင်းတု/ သတင်းမှားများကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်လာနိုင်သည့် အန္တရာယ်များ ဖြစ်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် သတင်းတု/သတင်းမှား တိုက်ဖျက်ရေး၊ သတင်းမှန်များ ဖြန့်ချိရေးအတွက် ကြိုးပမ်းနေကြရခြင်းဖြစ်ပါကြောင်း။

BRICS Media Summit ကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုလျှင် (၇)ကြိမ်မြောက်ရှိပြီဖြစ်ပါကြောင်း၊ ယနေ့တွင် မိမိတို့ကမ္ဘာကြီးပြောင်းလဲလာပြီး ဝင်ရိုးတန်းတစ်ခုတည်း ချုပ်ကိုင်သောကမ္ဘာကြီး မဟုတ်တော့ဘဲ Multipolar ခေါ် ဝင်ရိုးစုံမျှတစွာ ပုံဖော်နေသည့်ကမ္ဘာကြီးဖြစ်နေပြီဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးတွင် အုပ်စုတစ်စု၊ နိုင်ငံတစ်နိုင်ငံတည်းက ကမ္ဘာ့ရေးရာတွေကို ပုံဖော်နေသည့်အဖြစ်မှ အုပ်စုများစွာ၊ နိုင်ငံများစွာက ပြောဆိုဆွေးနွေးခွင့်၊ ညှိနှိုင်းပုံဖော်ခွင့်များ ရရှိလာနေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ဆက်သွယ်မှုတွင် နောက်ဆုံးပေါ် နည်းပညာများကြောင့် ပေါ်ထွန်းလာသည့် New Media သည် နယ်နိမိတ်ဆိုင်ရာ အဟန့်အတားများကို ကျော်ဖြတ်ကာ စက္ကန့်ပိုင်းအတွင်း သတင်းစကားများကို ဖြန့်ဝေပေးနိုင်ပါကြောင်း။

## အပြုသဘောဆောင်သော သတင်းပေးပို့ချက်များဖလှယ်

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်နိုင်မည့်သတင်းစကားများ၊ နားလည်သဘောပေါက်မှုကို ဖန်တီးပေးမည့် အပြုသဘောဆောင်သော သတင်းပေးပို့ချက်များ ဖလှယ်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာတစ်လွှားဖြစ်ပေါ်နေသည့် ရာသီဥတုပြောင်းလဲမှု၊ လေထုညစ်ညမ်းမှု၊ သစ်တောပြုန်းတီးမှု စသည့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကကျခြင်းကြောင့် ဘက်စုံကဏ္ဍစုံ၌ လက်တွဲဖြေရှင်းကြရန်၊ အချင်းချင်း ညီညွတ်စည်းလုံးကြရန် အရေးကြီးလာပြီဖြစ်ပါကြောင်း၊ တိုက်ကြီးအားလုံး၊ ဒေသအားလုံး အကျုံးဝင်လွှမ်းခြုံသည့်အလွှာစုံမှ နိုင်ငံတကာပြည်သူများ စုစည်းလာနေပြီဖြစ်ပါကြောင်း၊ ၎င်းတို့၏အသံကိုတစ်သံတည်းဖြစ်အောင် ကြိုးစားနေပြီး BRICS ၏ ရလဒ်တစ်ခုဖြစ်သော Innovation Diary ဆိုသည့် Internet Webpage တစ်ခုသည် ကမ္ဘာ့ဖွံ့ဖြိုးဆဲမိသားစုများ၏ အသံ တစုတစည်းပေါ်ထွက်ရာ စင်္ကြံတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း။

BRICS Media သည် ဖွံ့ဖြိုးဆဲတို့၏ အမှန်အကန် တိုးတက်ဖြစ်ထွန်းမှုများကို ကိုယ်စားပြုဖွင့်ဟပေးပြီး နေရာစုံမှ ကမ္ဘာ့ပြည်သူများကြားနိုင်၊မြင်နိုင်အောင် ကြိုးစားဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ BRICS အဖွဲ့ဝင်နိုင်ငံမဟုတ်သော်လည်း မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများစွာနှင့်အတူ လက်တွဲပူးပေါင်းပြီး မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် ယခုလို သာတူညီမျှပြီး ဘက်လိုက်မှုမရှိသည့် အနာဂတ်ဆီကို အတူတူလမ်းဖောက်ကြပါစို့ဟု ပြောကြားသည်။

## စားပွဲဝိုင်းဆွေးနွေးပွဲ

ဆက်လက်၍ ဝင်ရိုးစုံကမ္ဘာကြီးတွင် တည်ငြိမ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေသည့် BRICS Media အသိုက်အဝန်း၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဆိုင်ရာ အကြီးအကဲများက ပါဝင်ဆွေးနွေးကြပြီး BRICS Media Summit ပထမနေ့ကို ရပ်နားလိုက်သည်။

ပြည်ထောင်စု ဝန်ကြီးသည် BRICS မီဒီယာခေတ်ပုံပြပွဲနှင့် BRICS Media Summit တက်ရောက်စဉ်ကာလအတွင်း ရုရှားနိုင်ငံမှ သတင်းဌာနကြီးများဖြစ်သော IZVESTIA TV Channel၊ Channel 1 TV၊ Tass ရုပ်သံနှင့် သတင်းစာ၊ Russia Today၊ Svobodnaya ရုပ်သံနှင့် တရုတ်နိုင်ငံမှ CGTN သတင်းဌာနတို့နှင့် တွေ့ဆုံပြီး ရုရှား-မြန်မာချစ်ကြည်ရေး၊ ရုရှား-မြန်မာ မီဒီယာပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ ပကတိဖြစ်ရပ်မှန်အခြေအနေများ၊ BRICS အဖွဲ့ကြီး၏အရေးပါမှု အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ မေးမြန်းချက်များကို ဖြေကြားခဲ့သည်။

ညနေပိုင်းတွင် The State Academic Boishoi Theater of Russia ၌ ကျင်းပသည့် ရုရှားသတင်းဌာန Tass ၏ နှစ် (၁၂၀) မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ရုရှားရိုးရာယဉ်ကျေးမှုအနုပညာ ဖျော်ဖြေတင်ဆက်ပွဲသို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပသည့် BRICS Media Summit သို့ အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်၏ မီဒီယာဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် BRICS Media Summit ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် " BRICS ၏ မီဒီယာ : ကမ္ဘာသစ်တစ်ခုဆီသို့ နည်းပညာဆိုင်ရာ အသွင်ကူးပြောင်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ BRICS အဖွဲ့ဝင်နိုင်ငံများမှ မီဒီယာဆိုင်ရာ အကြီးအကဲများ တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် BRICS Media Summit ၏ သဘောတူညီချက်တစ်ရပ်ကို ထုတ်ပြန်ပြီး ပိတ်ပွဲအခမ်းအနားကို ကျင်းပသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် BRICS Media Summit သို့ တက်ရောက်လာကြသူများနှင့်အတူ Metorpol Hotel ၌ ကျင်းပသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းဌာနများ၏ မေးမြန်းချက်များကို ဖြေကြားစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Adipurush ဂန္ထဝင်အိန္ဒိယရုပ်ရှင် ရာမယနဇာတ်ကား ဖြစ်

ဘာဟုဘာလီမင်းသား ပရာဟတ်စ် ပါဝင်ထားသည့် Adipurush ရုပ်ရှင်မှာ ဂန္ထဝင် အိန္ဒိယရုပ်ရှင် ရာမယနဇာတ်ကား ဖြစ်ပြီး ဝေဖန်မှုများကြားမှ ရုံတင်ဝင်ငွေအမြတ်ရရှိထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘောလိဝုဒ်အနုပညာလောကမှ ရာမယနဇာတ်လမ်း ရုပ်ရှင်သုံးကား ထုတ်လုပ်ထားရာ Adipurush လည်း တစ်ကား အပါအဝင်ဖြစ်ပြီး ဂန္ထဝင်အိန္ဒိယရုပ်ရှင် ဖြစ်၍ အိန္ဒိယတွင် ဝေဖန်မှုများကြားမှ ရုံတင်ဝင်ငွေအမြတ်ရရှိထားသည်။

ဒသာဂီရိ၊ မယ်သီတာနှင့် ရာမယနတို့ အဓိကပါဝင်ထားပြီး အက်ရှင်ဒရမ်မာအဖြစ် အသက်သွင်းထားကာ နောက်ခံဂီတမှာ နားဝင်ချို၍ ရာမယနကို အသွင်သစ်နှင့် မြင်တွေ့ကြရသည်။

ပရာဟတ်စ်၏ သရုပ်ဆောင်ကောင်းမှုကြောင့် ရာမယနရုပ်လုံးပေါ်ခဲ့သော်လည်း လိုအပ်ချက်များစွာရှိ၍ အိန္ဒိယတွင် ဝေဖန်ခံရမှုများစွာ ရရှိခဲ့သည့် ရုပ်ရှင်လည်း ဖြစ်သည်။

(SKY)

## Priti Zinta အမြွှာသားသမီးနှစ်ဦး ပိုင်ဆိုင်ထား

ဘောလိဝုဒ်အနုပညာရှင် ပရီသီးဇင်ဒါသည် အသက် ၅၀နှစ်နှင့် အမြွှာသားသမီးနှစ်ဦးကို ပိုင်ဆိုင်ထားကာ ပြင်သစ်ဖက်ရှင်ပွဲသို့ တက်ရောက်လာခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမြွှာသားလေးကို ဂျိုဒက်ရီကင်ဒါး၊ သမီးလေးကိုဂီယာဇင်ဒါဟု အမည်ပေးထားပြီး ချစ်သူဂျီနီနှင့်လက်ထပ်ချိန်က အသက် ၄၁ နှစ်ရှိကာအမြွှာမွေးချိန်တွင်၄၆နှစ်ရှိကာ အငှားကိုယ်ဝန်နှင့်မွေးဖွားခြင်းဖြစ်သည်။

လက်ရှိ အသက် ၅၀နှစ်နှင့် ပရီသီးဇင်ဒါကို ပြင်သစ်ဖက်ရှင်ရှိုးပွဲတွင် ချောမောလှပနေသည်ကို တွေ့ရ၍ ခွဲစိတ်ပြုပြင်ထားခြင်း ဖြစ်သည်ဟု မှတ်ချက်ပေးထားကြသည်။

ဘောလိဝုဒ်တွင် ကိုယ်တိုင်ကလေးမမွေးဘဲ အငှားကိုယ်ဝန်နှင့်သားသမီးယူထားသည့် အနုပညာရှင်များတွင် ပရီသီးဇင်ဒါတို့လည်းပါဝင်သည်။ (SKY)






## အပင်အခြေပြု ပရိုတိန်းဓာတ်စားသုံးလျှင် အသက်ပိုရှည်လာစေမည်ဟု လေ့လာတွေ့ရှိ

ပရိုတိန်းဓာတ်သည် ခန္ဓာကိုယ်ထဲရှိ ဆဲလ်တိုင်းတွင်ရှိနေပြီး ခန္ဓာကိုယ်ကျန်းမာစေရန်အတွက် အလွန်ပင် အရေးပါသည်။

ပရိုတိန်း၌ ခန္ဓာကိုယ်အတွက် မဖြစ်မနေလိုအပ်သည့် အမိုင်နိုအက်ဆစ်ပါဝင်နေသောကြောင့်ပင် ဖြစ်သည်။ ပရိုတိန်းစားသုံးလိုက်သောအခါ ခန္ဓာကိုယ်က ဆဲလ်အဟောင်းများနေရာတွင် အစားထိုးနိုင်မယ့် ဆဲလ်အသစ်များဖြစ်ပေါ်စေရန် တစ်ရှူးများဖြစ်ပေါ်စေရန် အထောက်အပံ့ ဖြစ်စေသည်။

အပင်အခြေပြု ပရိုတိန်းနှင့် အသား၊ ငါး အခြေပြု ပရိုတိန်းဟူ၍ နှစ်မျိုးရှိရာ အပင်အခြေပြု ပရိုတိန်းဓာတ်စားသုံးလျှင် အသက်ပိုရှည်လာစေမည်ဟု အမေရိကန်ပညာရှင်များ မကြာသေးမီက လေ့လာတွေ့ရှိခဲ့ကြောင်း သိရသည်။ (SCI)

## Wang Yibo ကို ဖက်ရှင်ဝေဖန်ရေးသမားများ ချီးကျူးထား



တရုတ်အနုပညာရှင် လူငယ်စံပြပရဟိတသမား ဝမ်ရိဘိုသည် Chanel CoCo Crush Party Even ကို သံတမန်အဖြစ် တက်ရောက်ခဲ့ရာ ဖက်ရှင်စတိုင်လ်ကျနမှုကြောင့် ဖက်ရှင်ဝေဖန်ရေးသမားများက ချီးကျူးထားကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်သို့ ဝမ်ရိဘိုကChanel 2024/2025 Fall Winter Collection မှ လည်သာဂျက်ကက်ကို ဝတ်ဆင်ထား၍ အသွင်အပြင်မှာ ခံ့ညားချောမောနေ၍ ဖက်ရှင်ဝေဖန်ရေးသမားများက ချီးကျူးထားကြသည်။

ဝမ်ရိဘိုကို ဖက်ရှင်ဝေဖန်ရေးသမားများသာမက ဖက်ရှင်ဘလော့ဂ်ကာများကပါ ပို့စ်များစွာတင်၍ချီးကျူးထားကြသည်ကို တွေ့ရ၍ ပရိသတ်များဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ (SKY)

## V@ Kim Taehyung ၏ ကိုယ်ရည်ကိုယ်သွေးကို အတူလုပ်ကိုင်သူများက ချီးကျူးထား

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်) ကင်ထယ်ယောင်း၏ ကိုယ်ရည်ကိုယ်သွေးကို အလုပ်အတူလုပ်ကိုင်သူများက ချီးကျူးစကားပြောထားကြရာ အနုပညာရှင်များသာမက ဝန်ထမ်းများပါဝင်ခဲ့ကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်းသည် အသံပိုင်း၊ အကပိုင်း၊ သရုပ်ဆောင်ပိုင်း စသည့်အနုပညာနယ်ပယ်တိုင်းတွင် အောင်မြင်မှုရရှိထားပြီး သူ၏စိတ်နေစိတ်ထား၊ အမူအကျင့်နှင့် ကိုယ်ရည်ကိုယ်သွေးမှာလည်း လေးစားထိုက်ကြောင်း ချီးကျူးထားကြရာ ဝန်ထမ်းတစ်ဦးက ကင်ထယ်ယောင်းသည် အမျိုးသမီးများအပေါ်လေးစားမှုရှိပြီး စည်းဘောင်ထား၍ ထောက်ထားညှာတာပေးလေ့ရှိပြီး ဝန်ထမ်းများအပေါ်နိမ့်ချဆက်ဆံ၍ ဖော်ရွေလွန်း၍ အနုပညာရှင်မှန်း မသိခင်ကပင် သူ့အတွက်အကောင်းမွန်ဆုံးသူ ဖြစ်ခဲ့သည်ဟု ဆိုသည်။



နာမည်ကြီးမင်းသားလီဂျောင်ဂျေးကလည်း ရုပ်ရည်သွင်ပြင်သာ ဆွဲဆောင်မှုရှိရုံမက ကိုယ်ရည်ကိုယ်သွေးပါ ဆွဲဆောင်မှုရှိ၍ ကမ္ဘာတစ်ဝန်းပရိသတ် အချစ်ခံရသူဟု လေဒီဂါဂါကလည်း ချီးကျူးထားပြီး အိုင်ယူက နတ်သားလေး၊ ယူမီကဖြူစင်သည့်နှလုံးသား ပိုင်ရှင်ဟုဆိုကာ Are You Sure? စာဖိုမှူးကစကားပြောစွမ်းရည်ကောင်းသူ၊ GQ Korea အယ်ဒီတာက နူးညံ့၍ ယဉ်ကျေးသောအမူအရာပိုင်ရှင်၊ သတင်းထောက်များက Most Humble Star ပေါ်လ်ကင်က လေးစားသူ၊ နောက်ခံအကသမားက ဖော်ရွေပြီး အသိအမှတ်ပြုပေး၍ ကျေးဇူးတင်ခဲ့သည်ဟု ချီးကျူးခဲ့သည်။ ဂျောင်ဂျေအင်းက စစ်မှန်ရိုးသားသူ၊ ဂန်ဒေါင်ဝမ်က ချစ်ဖို့ကောင်းသည့် ညီလေး၊ အဲရစ်နမ်က V က V ပဲ ထပ်ရှင်းစရာမလိုဟုဆိုကာ သင်တန်းသားတစ်ဦးက အယဉ်ကျေးဆုံးနှင့် စိတ်ထားကောင်းသည့် စံပြသင်တန်းသား၊ အမြဲအကောင်းဆုံးဖြစ်အောင်လုပ်သူ၊ ထိုင်ထ၊ အပစ်အခတ်တော်ပြီး ကြင်နာ၍ စတိုင်လ်ကျလျှင်မြန်ဖျတ်လတ်ကာ အဖွဲ့ကို ဦးဆောင်နိုင်သူ ကိုယ်ရည်ကိုယ်သွေး အကောင်းဆုံးသူဟု ဆိုသည်။

မစ္စလီဂျောင်ယောင်းက စင်မြင့်ထက်တွင် စတိုင်လ်ကျပြီး ပြင်ပတွင်နူးညံ့ကြင်နာ၊ နှိမ့်ချသည့်ပုံရိပ်ကိုတွေ့ခဲ့ရကာ နာပီဒီက နတ်သားတစ်ပါးကဲ့သို့ Good Personality ကို သိသာစေသူ ဖြစ်သည်ဟု ချီးကျူးစကားပြောကြားထားကြသည်။

အနုပညာလောကတွင်သာမက သင်တန်းကာလတွင်လည်း ဗွီ(ခေါ်)ကင်ထယ်ယောင်းသည် တောက်ပသောကြယ်တစ်ပွင့်အဖြစ် မှတ်တမ်းတင်ခြင်း ခံခဲ့ရသည်။

(SKY)

## Shadaa Kapool ၏ Stree 2 က စံချိန်အားလုံးကျော်ဖြတ်

ဘောလိဝုဒ်ရုပ်ရှင်လောကတွင် အရှေးကူးမား၊ ဂျွန်အမရာဟမ်တို့ကဲ့သို့ ထိပ်တန်းမင်းသားများ၏ ရုပ်ရှင်နှင့်အပြိုင် ရုံတင်ခဲ့သည့် ရှာဒါးကပူးလ်၏ Stree 2 က ပထမရက် ဝင်ငွေ ၅၅ ကုဋေရပြီး ၂၀၂၄ ခုနှစ် Box Office စံချိန်အားလုံး ကျော်ဖြတ်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သည် ၂၀၂၄ ခုနှစ်၏ ပထမရက်ဝင်ငွေအများဆုံးရရှိသည့်ရုပ်ရှင်ဖြစ်ပြီး ဘောလိဝုဒ်သမိုင်းတွင် Jawan ပြီးလျှင် ဒုတိယဝင်ငွေအများဆုံးရရှိသည့်ရုပ်ရှင် ဖြစ်သည်။




အရှေးကူမား၏Khel Khel Mein က ငါးကုဋေကျော်၊ ဂျွန်အမရာဟမ်၏Vedaa က ခုနစ်ကုဋေကျော်သာ ရရှိထားပြီး Stree 2 သည် World wide ကုဋေ ၇၀ ကျော်ရထား၍ အိန္ဒိယရုပ်ရှင်သမိုင်းတွင် မင်းသမီးအထူးပြုရိုက်ထားသည့် ဇာတ်ကားများထဲတွင် ရှာဒါးကပူးလ်ကို Box Office Queen ဟု မီဒီယာများနှင့် ပရိသတ်များက ရေးသားထားကြသည်။

(SKY)

# တရုတ်နိုင်ငံလုပ် လေသင်္ဘောကြီးကို စီးနင်းကာ တိမ်ထုများအတွင်းမှ ရှုမျှော်ခင်းကြည့်ရှုနိုင်မည်




**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံလုပ် လေသင်္ဘောကြီးကို စီးနင်းကာ တိမ်ထုများအတွင်းမှ ရှုမျှော်ခင်းကြည့်ရှုနိုင်တော့မည်ဟု တရုတ်နေ့စဉ်သတင်းဌာနက ဖော်ပြသည်။

တရုတ်လေကြောင်းပျံသန်းမှုလုပ်ငန်းကော်ပိုရေးရှင်း လက်အောက်ခံ အထူးယာဉ်သုတေသနအဖွဲ့အစည်းက တရုတ်နိုင်ငံတောင်ပိုင်း ကွမ်းရှီးချောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်နယ် ယန်းရှုံ့စီရင်စုသို့ မကြာသေးမီက အေအက်စ်-၇၀၀ လေသင်္ဘောကြီး ပို့ပေးလိုက်ပြီဟု ဆိုသည်။

ခရီးသည် ၁၀ ဦး တင်ဆောင်နိုင်သော အဆိုပါ လေသင်္ဘောကြီးသည် ရှုမျှော်ခင်းသာယာလှပသော ယန်းရှုံ့နယ်တစ်ဝန်း မကြာမီ လှည့်လည်ပျံသန်းသွားမည် ဖြစ်သည်။

တရုတ်လေကြောင်း အင်ဂျင်နီယာများ တည်ဆောက်ထားသော ယင်းလေသင်္ဘောကြီးကို ကွမ်းရှီးချောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသာမက အခြားနယ်များကလည်း စိတ်ဝင်စားနေကြသည်။

အရပ်ဘက် လေကြောင်းပျံသန်းမှုအတွက် ဘေးကင်းလုံခြုံမှုရှိကြောင်း အတည်ပြုပြီးလျှင် ထိုလေသင်္ဘောအမျိုးအစားကို မှာယူသော ဒေသများအတွက် ထုတ်လုပ်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Mon

o-o-o-o-o



# ဘီဘင်ကာ တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်မလာမီ ရှန်ဟိုင်းမြို့၌ လေကြောင်းခရီးစဉ်များ ရပ်တန့်ထား

**ပေကျင်း စက်တင်ဘာ ၁၅**

တရုတ်နိုင်ငံထဲသို့ ဘီဘင်ကာဟု အမည်ပေးထားသော တိုင်ဖုန်းမုန်တိုင်း ဝင်ရောက်မလာမီ စီးပွားရေးမြို့တော်ဖြစ်သည့် ရှန်ဟိုင်းမြို့၌ ခရီးသည်တင်လေကြောင်းခရီးစဉ်များကို စက်တင်ဘာ ၁၅ ရက်တွင် ရပ်တန့်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်တွင်း၊ ပြည်ပ လေကြောင်းခရီးစဉ်များကို မုန်တိုင်းဘေးမှ ကင်းလွတ်စေရန်အတွက် ရှန်ဟိုင်းရှိ အဓိကကျသော ပူတောင်းနှင့် ဟုန်ချောင်လေဆိပ်ကြီး နှစ်ခုတွင် စက်တင်ဘာ ၁၅ ရက် ည ၈ နာရီမှစတင်၍ ရပ်တန့်လိုက်ခြင်းဖြစ်ကြောင်း စီစီတီဗွီသတင်းဌာနကလည်း ဖော်ပြသည်။

စက်တင်ဘာ ၁၅ ရက်နှင့် ၁၇ ရက်အကြားတွင် ရှန်ဟိုင်းမြို့နှင့်အနီးတစ်ဝိုက် မုန်တိုင်းနောက်ဆက်တွဲ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း တရုတ်မိုးလေဝသဌာနများက ကြိုတင်ခန့်မှန်းထားသည်။

ထိုဘီဘင်ကာ တိုင်ဖုန်းမုန်တိုင်းကြောင့် မြေပြိုမှုများလည်း ဖြစ်ပွားနိုင်သည်ဟု ကြိုတင်ခန့်မှန်းချက်တွင်ပါရှိသည်။ မုန်တိုင်းနှင့် ရေဘေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရှန်ဟိုင်းမြို့ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများ စက်တင်ဘာ ၁၄ ရက်တွင် အရေးပေါ်အစည်းအဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



အီဂျစ်နိုင်ငံမြောက်ပိုင်း ရှာကွီယာပြည်နယ် ဇာဂါဇစ်မြို့အနီး စက်တင်ဘာ ၁၄ ရက်က ဖြစ်ပွားသော ခရီးသည်တင်မီးရထား လမ်းချော်တိမ်းမှောက်မှုကို တွေ့ရစဉ်။ Mon

# အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကော်ဖီတစ်ခွက် ၇ ဒေါ်လာပေးပြီး သောက်နေရ

**ဝါရှင်တန် စက်တင်ဘာ ၁၅**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကော်ဖီတစ်ခွက် ၇ ဒေါ်လာပေးပြီး သောက်နေရသကဲ့သို့ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌လည်း ကော်ဖီဈေးနှုန်းမြင့်တက်လျက်ရှိရာ တစ်ခွက်လျှင် ၅ စတာလင်ပေါင်ပေးရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုကြောင့် ကော်ဖီစေ့အထွက်နည်းရာမှ ကော်ဖီထုတ်ကုန်ရှားပါးလာကာ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်သည်။

ယခင်က ဘရာဇီးကော်ဖီအထွက်နည်းလျှင် ဗီယက်နမ်ကော်ဖီကို အစားထိုးသောက်သုံးခဲ့ရသော်လည်း ယခုနောက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ၌ ကော်ဖီမစိုက်ကြတော့ဘဲ တရုတ်ဝယ်လိုအားကောင်းသော ဒူးရင်းသီးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

Mon



# နော်ဝေနိုင်ငံတစ်ဝန်းရှိ ကားလမ်းမများပေါ်တွင် လျှပ်စစ်ကားများကို တိုးမြင့်တွေ့မြင်လာနေရ

**အော်စလို စက်တင်ဘာ ၁၅**

နော်ဝေနိုင်ငံတစ်ဝန်းရှိ ကားလမ်းမများပေါ်တွင် လျှပ်စစ်ကားများကို တိုးမြင့်တွေ့မြင်လာနေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် ရေနံအခြေပြုလောင်စာသုံးသည့် ယာဉ်များ အရောင်းရပ်တန့်ရန် နော်ဝေအစိုးရက ဆုံးဖြတ်ထားပြီးဖြစ်သည်။

၂၀၃၅ ခုနှစ်နောက်ပိုင်းတွင် နော်ဝေနိုင်ငံ၌ မော်တော်ကားများအတွက် ယင်းလောင်စာသုံးစွဲမှု လုံးဝရှိတော့မည်မဟုတ်ဘဲ လမ်းမများပေါ်၌ လျှပ်စစ်ကားများကိုသာ တွေ့ရမည်ဖြစ်ကြောင်း သိရသည်။

Mon

# ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်ရေကြီးမှုများ စတင်ဖြစ်ပွားလျက်ရှိ

**ဝါဆော စက်တင်ဘာ ၁၅**

စက်တင်ဘာ ၁၃ ရက်မှ စတင်၍ ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်ရေကြီးမှုများ စတင်ဖြစ်ပွားလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရိုမေးနီးယားနိုင်ငံတွင် ရေကြီးမှုအခြေအနေ ဆိုးရွားလာကာ လူလေးဦး သေဆုံးသွားခဲ့သဖြင့် အစိုးရက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးတိုးမြှင့်လုပ်ဆောင်ရန် သက်ဆိုင်ရာဌာနများကို ညွှန်ကြားထားသည်။

အလားတူပင် ပိုလန်၊ ချက်သမ္မတနိုင်ငံ၊ ဩစတြီးယား၊ ဆလိုဗေးကီးယားနှင့် ဟန်ဂေရီနိုင်ငံတို့တွင်လည်း ကြုံတွေ့လာနိုင်သော ရေဘေးအတွက် အစိုးရအသီးသီးက ကြိုတင်ပြင်ဆင်ခဲ့ကြသည်။

ထိုသို့ ကြိုတင်ပြင်ဆင်ပြီးနောက် စက်တင်ဘာ ၁၄ ရက်တွင် ယင်းဥရောပနိုင်ငံများ၌ ရှေ့ဆင့်နောက်ဆင့် ရေကြီးခဲ့ရာ ကယ်ဆယ်ရေးတိုးမြှင့်လုပ်ဆောင်နေရကြောင်း သိရသည်။

Mon



STOP AIDS

# ပြည်တွင်းဆူပူမှုလှုံ့ဆော်သော နိုင်ငံခြားသားများကို ဗင်နီဇွဲလား ရဲတပ်ဖွဲ့ ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဆို

**ကရာကတ်စ် စက်တင်ဘာ ၁၅**

ပြည်တွင်းဆူပူအုံကြွမှုဖြစ်အောင် သွေးထိုးလှုံ့ဆော်ခဲ့သည်ဆိုသော နိုင်ငံခြားသားများကို ဗင်နီဇွဲလား ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်နိုင်ငံသား သုံးဦး၊ စပိန်နိုင်ငံသား နှစ်ဦးနှင့် ချက်နိုင်ငံသား တစ်ဦးတို့ကို မိမိတို့ထိန်းသိမ်းထားခြင်းဖြစ်ကြောင်း ဗင်နီဇွဲလား ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

စီအိုင်အေအဖွဲ့အစည်းက သမ္မတ နီကိုလတ်စ်မာဒူရိုကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့ရာ ထိုအစီအစဉ်တွင် ပါဝင်ပတ်သက်သူများကို ရိုင်ဖယ်သေနတ် အလက်ရေ ၄၀၀ ကျော် ပါဝင်သော လက်နက်များနှင့်တကွ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဒီယော့စ်ဒါဒို ကာဘဲလိုက ရှင်းလင်းပြောကြားသည်။




အမေရိကန်ပြည်ထောင်စုမှ စီအိုင်အေနှင့် စပိန်နိုင်ငံမှ အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့တို့ ပူးပေါင်းကာ ပြင်သစ်ကြေးစားတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်ပြီး သမ္မတ နီကိုလတ်စ်မာဒူရိုကို လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ဗင်နီဇွဲလားအစိုးရက စွပ်စွဲထားကြောင်း သိရသည်။

Mon

# မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် "ချောင်ချောင်"ရွှေဆိုင်နေအိမ်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားခြောက်ဦးကို သက်သေခံပစ္စည်း ရွှေ ၁၀ ပိဿာကျော်၊ ငွေကျပ်သိန်း ၁၀၀၀ ခန့်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် "ချောင်ချောင်" ရွှေဆိုင်နေအိမ်အား ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသား ခြောက်ဦးကို သက်သေခံပစ္စည်း ရွှေ ၁၀ ပိဿာကျော်၊ ငွေကျပ် သိန်း ၁၀၀၀ ခန့်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



(ဝဲမှယာ) တရားခံနိုင်မင်းဝေ(ခ) ကုလား(ခ)ကျော်ကြီး၊ ခင်မောင်စိုး၊ ဇင်ကိုကိုကျော်(ခ)ကရင်ကြီး၊ ကျော်စိုးမင်းထွန်း(ခ)ညီညီစိုး၊ အောင်ဇော်ထွန်း(ခ)အငယ်ကောင်၊ လှိုင်းထက်အောင်(ခ)တောဝက်(ခ) ဝက်ကလေးတို့ကို သိမ်းဆည်းရမိပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် "ချောင်ချောင်"ရွှေဆိုင်နေအိမ်အား ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများကို တွေ့ရစဉ်။

**ဓားပြတိုက်လုယက်**

စက်တင်ဘာ ၁၀ ရက် နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁) ရပ်ကွက် ၇၁ လမ်းနှင့် ၁၀၁(B) လမ်းထောင့်နေ "ချောင်ချောင်" ရွှေဆိုင်ပိုင်ရှင်ဖြစ်သူ ဦးရွှေဝင်း (၅၇)နှစ် (ဘ)ဦးဝမ်ချောင်သည် ၎င်းဖွင့်လှစ်ထားသည့် မန္တလေးမြို့အတွင်းရှိ "ချောင်ချောင်" ရွှေဆိုင်သုံးဆိုင်သို့ သွားရောက်ရန် ရွှေထည်ပစ္စည်းများနှင့် ငွေသားများကို ကားပေါ်သို့တင်နေစဉ် 3J/8313 ADVAN အမျိုးအစားယာဉ်ဖြင့် အမျိုးသားခုနစ်ဦး (စိစစ်ဆဲ)က သေနတ်များကိုင်ဆောင်ကာ ရောက်ရှိလာပြီး ရွှေ ၁၀ ပိဿာကျော်နှင့် ငွေကျပ်သိန်း ၁၀၀၀ ခန့်တို့ကို ဓားပြတိုက်လုယက်ယူဆောင် ထွက်ပြေးသွားကြောင်းသတင်းအရ တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁) နယ်မြေရဲစခန်း (ပ)၂၂၀/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်း အထောက်အထားများ ရယူ၍ နယ်မြေအတွင်းသတင်းရယူစုံစမ်းဖော်ထုတ်ခဲ့ရာ စက်တင်ဘာ ၁၄ ရက် ည ၉ နာရီခွဲတွင် ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူ ပုသိမ်ကြီးမြို့နယ် ကုန်းတန်းရပ်ကွက်နေ ခင်မောင်စိုး (၄၀)နှစ် (ဘ)ဦးကျော်သောင်းကို ချမ်းအေးသာစံမြို့နယ် ရွှေပြည်သာ ဟော်တယ်ရှေ့ လမ်း(၃၀) မြို့ပတ်လမ်းပေါ်၌ ဖမ်းဆီးရမိခဲ့ပြီး ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ၎င်းအပါအဝင် နိုင်မင်းဝေ(ခ) ကုလား(ခ)ကျော်ကြီး၊ ကျော်စိုးမင်းထွန်း(ခ) ညီညီစိုး၊ ဇင်ကိုကိုကျော်(ခ)ကရင်ကြီး၊ အောင်ဇော်ထွန်း(ခ) အငယ်ကောင်၊ လှိုင်းထက်အောင်(ခ)တောဝက်(ခ)ဝက်ကလေးနှင့် ချမ်းသာ(ခ) ရှန်းထက်မောင်တို့ ခုနစ်ဦးက ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တရားခံခင်မောင်စိုး၏ ထွက်ဆိုချက်အရ ယင်းနေ့ ည ၁၁ နာရီခွဲတွင် ကသာမြို့နယ် သံပုရာကုန်းကျေးရွာနေ နိုင်မင်းဝေ(ခ)ကုလား (ခ)ကျော်ကြီး(၂၇)နှစ် (ဘ)ဦးစိုးဝင်း၊ ပန်းတောင်းမြို့နယ် ကျားအိုကျေးရွာနေ ကျော်စိုးမင်းထွန်း(ခ) ညီညီစိုး(၄၆)နှစ် (ဘ)ဦးလှထွန်းနှင့် မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းကျေးရွာနေ ဇင်ကိုကိုကျော် (ခ)ကရင်ကြီး(၂၉)နှစ်(ဘ)ဦးကျော်ဝင်းတို့သုံးဦးကို ချမ်းအေးသာစံ မြို့နယ် ကဉ္စနမဟီရပ်ကွက်ရှိ GTM ဟိုတယ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာဉ်နှင့် ဓားပြတိုက်လုယက်ယူဆောင်ခဲ့သည့်ရွှေထည် ပစ္စည်းအချို့အား ပုသိမ်ကြီး မြို့နယ် မဲကင်းကုန်းကျေးရွာနေ တရားခံ အောင်ဇော်ထွန်း(ခ) အငယ်ကောင်၏ နေအိမ်၌ သိမ်းဆည်းထားကြောင်း၊ စက်တင်ဘာ ၁၄ ရက် ည ၁၂ နာရီခွဲတွင် သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့ရာ တရားခံ အောင်ဇော်ထွန်း(ခ) အငယ်ကောင်(၂၁)နှစ် (ဘ)ဦးထွန်းလင်းကိုမီးခံသေတ္တာအတွင်းထည့်ထားသည့် သက်သေခံရွှေထည် ပစ္စည်းများနှင့် နေအိမ်ခြံဝင်း အတွင်းမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သော ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက် စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၅ ရက် နံနက် ၂ နာရီတွင် တရားခံ ခင်မောင်စိုး၏နေအိမ်မှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Glock အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ Kimber Custom အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည် ၁၄ တောင့်နှင့် သက်သေခံရွှေထည် ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ပုသိမ်ကြီး မြို့နယ် မဲကင်းကုန်းကျေးရွာနေ တရားခံ လှိုင်းထက်အောင်(ခ) တောဝက်(ခ) ဝက်ကလေး(၂၅)နှစ် (ဘ)ဦးကျော်သက်အောင် ကို ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်တိုးဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့**

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ခဲ့သူ ခင်မောင်စိုးပါ တရားခံ ခြောက်ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ ထွက်ပြေး လွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန် တရားခံ ချမ်းသာ (ခ)ရှန်းထက်မောင်(၂၆) နှစ် (ဘ)ဦးခင်မောင်အား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

**ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "O AK AR" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ ဥက္ကာဖြိုးအား မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ "Ko Mar" Facebook အကောင့်နှင့် "Mg Ko Mar" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၇၁)ရပ်ကွက်နေ ကိုမာအား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

**ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ရေဝင်ရောက်သည့် ကျေးရွာများမှ ပြည်သူများအား မန္တလေးခရိုင်မှ ရှာဖွေကယ်ဆယ်ရေးတပ်စုကူညီရွှေ့ပြောင်း

မန္တလေး စက်တင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ မန္တလေးခရိုင်မှ ရှာဖွေကယ်ဆယ်ရေး တပ်စုတစ်စု ၃၅ဦး၊ Assault boat တစ်စီးနှင့် ရာဘာလေသွင်းလှေ တစ်စီးဖြင့် စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ရေဝင်ရောက်သည့် ရွှေပေါက်ကျွန်းကျေးရွာ၊ ကင်းတာဝင်းရပ်ကွက်၊ရွှေသူဌေး ရပ်ကွက်၊မင်းကုန်းရပ်ကွက်များ တွင် ကူညီရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျန်ရပ်ကွက်နှင့်ကျေးရွာများသို့လည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



(အပေါ်ပုံ)(ဝ၄၅)

# ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

(၁၅.၉.၂၀၂၄)

ဒီနေ့မှာတော့ ဆိုင်ကလုန်းမုန်တိုင်း ရာဂီနဲ့ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပွားခဲ့တဲ့ မုန်တိုင်းငယ်ကြောင့်ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုများနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များအကြောင်း ပြောကြားလိုပါတယ်။ ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပေါ်ခဲ့တဲ့ လေဖိအားနည်းရပ်ဝန်းနဲ့ ပတ်သက်ပြီး သတိပေးချက်တွေကို ဩဂုတ် ၂၉ ရက်ကနေစပြီး ထုတ်ပြန်ခဲ့ပါတယ်။ အလားတူ တောင်တရုတ်ပင်လယ်မှာ ဖြစ်ပေါ်ခဲ့တဲ့ အင်အားကြီး ဆိုင်ကလုန်းမုန်တိုင်း ရာဂီရဲ့အရှိန်ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ ရေကြီးရေလျှံမှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ မြေပြိုနိုင်မှု အခြေအနေတွေကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၉ ရက်ကစပြီး ကျယ်ကျယ်ပြန့်ပြန့် သတိပေးလှုံ့ဆော်ခဲ့ပါတယ်။ ဒီလစက်တင်ဘာ ၉ ရက် တစ်ညတည်းမှာပဲ တပ်ကုန်း၊ နေပြည်တော်တစ်ဝိုက်မှာ မိုးရေချိန် ၁၁ လက်မခန့် ရွာသွန်းခဲ့ပြီး ချောင်းများရေကြီးရေလျှံမှုဖြစ်ပွားကာ ကျေးရွာများ၊ လူနေရပ်ကွက်များ ရေကြီးမှုတွေ၊ အိမ်ခြေ၊ လမ်းတံတား ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါတယ်။ အလားတူ နေပြည်တော်အပါအဝင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးအချို့နေရာတွေမှာ မြို့နယ် ၅၆ မြို့နယ်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပွားခဲ့တယ်။

စက်တင်ဘာ ၁၄ ရက် ညပိုင်းအထိ ရရှိစာရင်းများအရ ရေကြီးရေလျှံ၊ မြေပြိုမှုကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ ရွှေ့ပြောင်းခဲ့ရတဲ့နေအိမ် ၇၂၉၀၀ ကျော်ရှိခဲ့ပါတယ်။ အိမ်ထောင်စုပေါင်း ၇၈၀၀၀ ကျော်ရှိပါတယ်။ လူဦးရေအနေနဲ့ကတော့ ၃၂၀၀၀၀ ကျော်ကို ဘေးကင်းရာ ယာယီကယ်ဆယ်ရေးစခန်းတွေကို ရွှေ့ပြောင်းခဲ့ရပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ သေဆုံးသူ ၁၁၃ ဦး၊ ပျောက်ဆုံးသူ ၆၄ ဦး၊ ဒဏ်ရာရရှိသူ ၁၄ ဦးရှိခဲ့ပြီး ပျောက်ဆုံးသူများကို ကြိုးစားရှာဖွေလျက်ရှိပါတယ်။ အခုလိုဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အမြန်ဆုံးနဲ့ အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာဝန်ကြီးများအနေနဲ့လည်း သဘာဝဘေးဒဏ်သင့်ဒေသတွေကို ကိုယ်တိုင်ကွင်းဆင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ(Disaster Management Committee – DMC) အနေနဲ့လည်း ၂၄ နာရီအရေးပေါ်ဖွင့်လှစ်ပြီး အချိန်နဲ့တစ်ပြေးညီ စီမံဆောင်ရွက်လျက်ရှိပါတယ်။




တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့များ၊ NGO အဖွဲ့များ၊ စေတနာရှင် ပြည်သူများအနေနဲ့လည်း တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကို အားတက်ဖွယ်တွေ့ရပါတယ်။ ဒီနေရာမှာ ပြည်သူလူထုကို ကျွန်တော်အသိပေး ပြောကြားလိုတာကတော့ ပြည်ဖျက်မီဒီယာတွေ၊ အခြားသော မြန်မာနိုင်ငံအပေါ် ဖျက်လိုဖျက်ဆီး လုပ်နေသူတွေဟာ ကျွန်တော်တို့ပြည်သူတွေရဲ့ ပေါင်းစည်းအားကို လျစ်လျူရှုပြီး ကျွန်တော်တို့ရဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို မှေးမှိန်အောင် ဆောင်ရွက်နေတာ နည်းမျိုးစုံနဲ့ တွေ့ရပါတယ်။ ကောလာဟလနဲ့ ပြည်သူကို ပိုမိုစိုးရိမ်ထိတ်လန့်အောင် ဆောင်ရွက်နေကြပါတယ်။ ထင်ရှားတဲ့ ဥပမာတစ်ခုအနေနဲ့ ရမည်းသင်းမြို့နယ် သပြေပင်ကျေးရွာမှာ လူ ၇၀၀ ခန့် သေတယ်ဆိုပြီးတော့ ထုတ်လွှင့်နေတာလည်း တွေ့ရပါတယ်။ ဖြစ်စဉ်အမှန်ကတော့ အဲဒီကျေးရွာမှာ ကယ်ဆယ်ရေးအဖွဲ့များလည်းရောက်ရှိပြီးဖြစ်ပါတယ်။ လူရှစ်ဦးသာ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူအချို့ရှိပါတယ်။ ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံ၊ ဆေးခန်းများကို ပို့ဆောင်ပေးပြီး ဖြစ်ပါတယ်။

မနေ့ကမွန်းလွဲ ၁ နာရီ လောက်မှာ တောင်ငူဒေသ ဇရပ်ကြီးအနောက်ဘက်ရွာများကို ရွှေ့ပြောင်းကယ်ထုတ်စဉ်မှာ ကယ်ဆယ်ရေးအဖွဲ့ ထဲမှာပါတဲ့ တပ်မတော်သားတစ်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရေစီးထဲမျောပါပျောက်ဆုံးခဲ့ရပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ သက်စွန့် ဆံဖျား ပါဝင်နေတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် Volunteer ပြည်သူလူထုကူညီကယ်ဆယ်ရေးအဖွဲ့တွေ အားလုံးကို ဒီနေရာကနေ အသိအမှတ်ပြုကြောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ ကူညီကယ်ဆယ်မှုလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် အကောင်းဆုံးနဲ့ အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ကူညီကယ်ဆယ်ရေး နောက်ဆက်တွဲလုပ်ငန်းတွေအဖြစ် ဆန်ရိက္ခာဖိုးများအတွက် သတ်မှတ်ငွေနှုန်းထားတွေနဲ့ သေဆုံး၊ ဒဏ်ရာရသူများကို ငွေကြေးထောက်ပံ့ပေးမှာလည်းဖြစ်ပါတယ်။ အိမ်ဆုံးရှုံးသူများကို စာရင်းကောက်ယူပြီး အိမ်ပျက်စီးမှု ရာခိုင်နှုန်းအပေါ်မူတည်ပြီး သတ်မှတ်နှုန်းထားများအတိုင်းလည်းထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ ရေဘေးသင့်သူများ ကယ်ဆယ်ရေးစခန်းမှာနေထိုင်ချိန်မှာ စားသောက်မှုအတွက် စားသောက်ဖွယ်ရာများကို သတ်မှတ်နှုန်းထားအတိုင်း ထောက်ပံ့ပေးသွားမှာဖြစ်ပါတယ်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်များအတွက် အလှူငွေများလည်း ပေးအပ်နိုင်ပါတယ်။ Volunteer အလှူငွေများပေးအပ်တာတွေ၊ ထောက်ပံ့တာတွေကိုလည်း ကျွန်တော်တို့တွေ့နေရပါတယ်။ ဒီအတွက်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ သဘာဝဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရချိန်မှာ ကျွန်တော်တို့ရဲ့စုစည်းအားကို ပြသကြဖို့လိုပါတယ်။ ကျွန်တော်တို့ရဲ့ ညီညွတ်တဲ့ အင်အားကိုပြသဖို့လိုပါတယ်။ အဝေးမှာနေပြီး မြန်မာနိုင်ငံရဲ့ ပျက်ရာပျက်ကြောင်းကို ဆောင်ရွက်နေသူများအနေနဲ့ မြန်မာနိုင်ငံအကျိုးကို ဘာမှလုပ်ဆောင်ပေးနိုင်မှာမဟုတ်ပါဘူး။ လုပ်ဆောင်ပေးမှာလည်း မဟုတ်ပါဘူး။ မိမိတို့ပြည်တွင်းအားနဲ့ မိမိတို့ရဲ့ ပေါင်းစည်းအားနဲ့သာ ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| အော့စ်ဘတ် | ၃ - ၁ | စိန့်ပေါ်လီ |
| မိန့်ဇ် | ၁ - ၂ | ဝါဒါဘရီမင် |

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဂျီနိုအာ | ၁ - ၁ | ရိုးမား |
| အတ္တလန်တာ | ၃ - ၂ | ဖီအိုရင်တီးနား |
| တိုရီနို | ၀ - ၀ | လက်ချီ |

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ရင်းနက်စ် | ၃ - ၀ | မောင့်ပယ်လီယာ |
| နန့်တက်စ် | ၁ - ၂ | ရမ်းစ် |
| တူးလော့ | ၂ - ၀ | လီဟာဗာ |
| စထရာဘို့ | ၁ - ၁ | အန်ဂါစ် |

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဆဲလ်တာဗီဂို | ၃ - ၁ | ဗယ်လာဒိုးလစ် |
| ဂျီရိုနာ | ၁ - ၄ | ဘာစီလိုနာ |

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

## အာဆင်နယ်နှင့် နယူးကာဆယ်တို့ နိုင်ပွဲ ကိုယ်စီရယူနိုင်ခဲ့

ပရီးမီးယားလိဂ် ပွဲစဉ်(၄) အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ခါးသီးပြိုင်ဘက်အသင်းနှစ်သင်းဖြစ်သည့် စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက စပါးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်အသင်းအတွက် အနိုင်ရရှိစေမည့် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၆၄မိနစ်တွင် ဂါဘရီရယ်က သွင်းယူပေးခဲ့သည်။

အာဆင်နယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် (၄)ပွဲကစားအပြီးတွင် ရမှတ် ၁၀မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်ခဲ့ပြီး စပါးအသင်းမှာမူ ပွဲစဉ်(၄)ပွဲ ကစားအပြီးတွင် ရမှတ် ၄မှတ်သာ ရရှိထားပြီး အဆင့်(၁၃)နေရာတွင် ရပ်တည်ခဲ့သည်။

ဆက်လက်၍ မြန်မာစံတော်ချိန် ည ၁၀နာရီက ဝုဖ်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယူးကာဆယ်အသင်းက ဝုဖ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၅မိနစ်တွင် ဖာဘီယန်းရှား၊ ပွဲချိန် ၈၀မိနစ်တွင် ဘန်းစ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။ ဝုဖ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် ၃၆မိနစ်တွင် မာရီယိုက သွင်းယူခဲ့သည်။ (NGB)





## နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အားဂုဏ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ယနေ့ နံနက် ၈နာရီက အောင်လံမြို့ ပြည်သူ့ဆေးရုံအရှေ့ဘက်ခြမ်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် အောင်လံမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးဦးစိုးမိုးအောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင် ၅၉ဦးတို့က အောင်လံမြို့ ပြည်သူ့ဆေးရုံ အရှေ့ဘက်ခြမ်းရှိ ချုံနွယ်နှင့် အမှိုက်များရှင်းလင်းခြင်း၊ သွေးလွှဲဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မျိုးသိန်း-ပြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ

## လူနင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မက်ဒရစ် စက်တင်ဘာ ၁၅**

ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်းဂိုးသမား လူနင်အား ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။




အဆိုပါ ဂိုးသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၈ပွဲ ကစားပြီး လက်စွမ်းပြထားသည်။


အသက် ၂၅နှစ်အရွယ်ရှိ လူနင်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူပုံမှန်ပွဲထွက်ခွင့်ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ **(ဝဲပုံ)** (NGB)

## မာတစ်အား ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၅**

ဝက်စ်ဟမ်းအသင်းသည် လီဗာပူးအသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်နောက်ခံကစားသမား မာတစ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၃)နှစ်ရွယ်ရှိ နောက်ခံကစားသမားသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ




အထိ ပြိုင်ပွဲစုံ ၂၀၁ပွဲကစားပြီး ၁၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မာတစ်ကိုယ်တိုင်ကလည်း ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံဆွေးနွေးသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် မာတစ်အား ခေါ်ယူပြီး အသင်းခံစစ်ပိုင်းအား အင်အားဖြည့်တင်းသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)** (NGB)




## ဩဂုတ်လအတွက် စပိန်လာလီဂါတစ်လတာ အကောင်းဆုံးကစားသမားဆုကို ရာဖင်ဟာ ဆွတ်ခူး

**ဘာစီလိုနာ စက်တင်ဘာ ၁၅**

စပိန်လာလီဂါမှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံး ကစားသမား ဆုကို တောင်ပံကစားသမား ရာဖင်ဟာက ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါ ပွဲစဉ် ၄ ပွဲကစားပြီး ၁ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ၄ကြိမ်ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ရာဖင်ဟာသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၁ပွဲကစားပြီး ၂၃ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက် ၂၇နှစ်အရွယ်ရှိ ရာဖင်ဟာက "ကျွန်တော် ဩဂုတ်လအတွက် စပိန်လာလီဂါတစ်လတာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့အတူ အသင်း အောင်မြင်မှုများရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ပုံ)** (NGB)




## ဗန်ဒါဆန်အား ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် စပါးအသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၅**



ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် စပါးအသင်းတို့သည် မိုနာကိုအသင်း နောက်ခံကစားသမား ဗန်ဒါဆန်အား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မိုနာကိုအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲ ကစားပြီး ၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

မိုနာကိုအသင်းကလည်း ဗန်ဒါဆန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် စပါးအသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်တွင် မိုနာကိုအသင်းထံမှ ဗန်ဒါဆန်အား မည်သည့်အသင်းက လက်ဦးမှုရရှိအောင် ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)** (NGB)

## ပရီးမီးယားလိဂ် အဖွင့် ၄ ပွဲတွင် ၉ဂိုးထိသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် ဟာလန်းမှတ်တမ်းဝင်

**မန်ချက်စတာ စက်တင်ဘာ ၁၅**

မန်ချက်စတာစီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် အဖွင့်ပွဲစဉ် (၄)ပွဲတွင် ၉ဂိုးထိ သွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ် ပွဲစဉ် (၄)အဖြစ် မန်ချက်စတာစီးတီးအသင်းက ဘရန့်ဖို့ဒ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးနှစ်ဂိုးစလုံး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ ပွဲကစားပြီး ၉၉ဂိုးထိလည်း သွင်းယူထားသည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဟာလန်းက "ယခုလို မှတ်တမ်းတွေ ပိုင်ဆိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း အသင်းအတွက် သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ ယခုနှစ်ဘောလုံးရာသီမှာလည်း ဒီအသင်းနဲ့အတူ ပရီးမီးယားလိဂ်ဖလားကြီး ရယူသိမ်းပိုက်သွားလိုပါတယ်" ဟု ပြောသည်။ **(ဝဲပုံ)** (NGB)

## 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Miriam Bulgaru တက်ရောက်

**လန်ဒန် စက်တင်ဘာ ၁၅**

ရိုမေးနီးယားနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင် ရိုမေးနီးယားတင်းနစ်မယ် Miriam Bulgaru တက်ရောက်ခဲ့သည်။

အဆိုပါ ရိုမေးနီးယားတင်းနစ်မယ် Miriam Bulgaru သည် 2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျော်ဂျီယာတင်းနစ်မယ် Ekaterine Gorgodze အား ၃-၆၊ ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2024 Tiriac Foundation Trophy တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ရိုမေးနီးယားတင်းနစ်မယ် Miriam Bulgaru နှင့် လက်ချင်စတိန်းတင်းနစ်မယ် Kathinka von Deichmann တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(ဝဲပုံ)** (NGB)

၀-၀-၀-၀-၀-၀

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၆-၉-၂၀၂၄ တနင်္လာနေ့ | ညနေ၃း၃၀နာရီ (ရန်ကုန်ကွင်း) | (၁၁)မြဝတီ - ဟံသာဝတီ(၃) (L,L,L,L,L) (W,W,L,W,W) | မြဝတီ ၁-၁ ဟံသာဝတီ<br>ဟံသာဝတီ ၂-၀ မြဝတီ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၆-၉-၂၀၂၄ ည၁၁း၀၀နာရီ | (၉)ပါမား - အူဒီးနီးစ်(၄) (D,W,L) (D,W,W) | ပါမား ၂-၂ အူဒီးနီးစ်<br>အူဒီးနီးစ် ၃-၂ ပါမား | ပါမား(အိမ်) | ၂ | ၁ | ၁ | - | ၃ | ၂ |
| | | | အူဒီးနီးစ်(ဧည့်) | ၁ | - | ၁ | - | ၁ | ၁ |
| ၁၇-၉-၂၀၂၄ နံနက် ၀၁း၁၅နာရီ | (၈)လာဇီယို - ဗီရိုနာ(၅) (W,L,D) (W,L,W) | လာဇီယို ၁-၀ ဗီရိုနာ<br>ဗီရိုနာ ၁-၁ လာဇီယို | လာဇီယို(အိမ်) | ၂ | ၁ | ၁ | - | ၅ | ၃ |
| | | | ဗီရိုနာ(ဧည့်) | ၁ | ၁ | - | - | ၂ | - |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ်-၁၊၂၊၃၊၄ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၇-၉-၂၀၂၄ နံနက်၀၁း၃၀နာရီ | (၁၁)ဗယ်လက်ကာနို - အိုဆာဆူနာ(၇) (W,D,L,L) (D,W,L,W) | ဗယ်လက်ကာနို ၂-၁ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၀ ဗယ်လက်ကာနို | ဗယ်လက်ကာနို(အိမ်) | ၁ | ၂ | - | ၁ | ၁ | ၂ |
| | | | အိုဆာဆူနာ(ဧည့်) | ၁ | - | - | ၁ | - | ၄ |



# နှမ်းမျိုးစုံဈေးကွက် အမြင့်ဈေးမှ ဈေးကျဆင်းလာ

ပြည်တွင်းနှမ်းမျိုးစုံဈေးကွက်အတွင်း မိုးနှမ်းသစ်များ ဝင်လာသောကြောင့် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် သုံးသောင်းမှ တစ်သိန်းအထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာကြောင်း နှမ်းကုန်သည်များထံက သိရသည်။

"မန္တလေးဈေးကွက်ကို မကွေးနှမ်းတွေ အသစ်ဝင်ရောက်နေပြီး အက်စစ်လွတ်တဲ့ နှမ်းတွေက ဈေးမြင့်တယ်ဆိုသော်လည်း ဩဂုတ်လပေါက်ဈေးထက် ကျဆင်းလာပါတယ်။ တရုတ်ကုန်သည်များက နှမ်းအဓိကဝယ်ယူနေတာ အခု လက်ရှိမှာ အဝယ်နည်းသွားပါတယ်။ နှမ်းညိုတွေလည်း ပြည်တွင်းဆီစက်ပိုင်တွေက ဝယ်ယူပေမယ့် အသစ်ဝင်ရောက်မှုတွေများလာတော့ ဈေးကျဆင်းသွားတာပါ"ဟု ၎င်းက ပြောသည်။

လက်ရှိ စက်တင်ဘာ ၁၃ ရက်တွင် နှမ်းနက်စမုန် အက်စစ်မလွတ် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀၊ အက်စစ်လွတ် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀ သာ အမြင့်ဆုံးပေါက်ဈေးရှိတော့သည်။ နှမ်းဖြူဂျပန် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ နှမ်းဖြူရိုးရိုး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၄၀၀၀၀ ပေါက်ဈေးရှိနေပါသည်။

ယခင် ဩဂုတ်လအတွင်းက ဒေါ်လာဈေးမြင့်တက်မှုနှင့်အတူ အမြင့်ဈေးတန်းသို့ ရောက်ရှိခဲ့ရာ နှမ်းနက်စမုန်တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၀ မှ ငွေကျပ် ၇၀၀၀၀၀ ထိ ပေါက်ဈေးရှိခဲ့ရာ စက်တင်ဘာလလယ်တွင် ပြည်တွင်းငွေဈေးကျဆင်းမှုနှင့်အတူ နှမ်းအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ မှ ၁၀၀၀၀၀ ထိ ဈေးကျဆင်းသွားခြင်းဖြစ်သည်။

နှမ်းမျိုးစုံထဲတွင် နှမ်းနက်စမုန်မှာ အက်စစ်လွတ် နှမ်းအမျိုးအစားက ငွေကျပ် ၁၀၀၀၀၀ ထိ ဈေးကျဆင်းသွားသလို နှမ်းနက်စမုန်ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချရသည့်အတွက် တင်ပို့မှု ချောမွေ့မှုအပေါ် မူတည်ပြီး ဝယ်လိုအားဈေးနှုန်းအပြောင်းအလဲများ ဖြစ်လေ့ရှိသည်။

နှမ်းမျိုးစုံကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးပြီး ပြည်တွင်းသုံးစွဲမှုအနေဖြင့် ဆီကြိတ်ခဲ့ခြင်း၊ မုန့်လုပ်ငန်း၊ အကြော်စုံလုပ်ငန်း၊ နှမ်းယိုလုပ်ငန်းများတွင် အများဆုံး အသုံးပြုသည်။

လာမည့်ဆောင်းစိုက်ရာသီတွင်လည်း ပြည်တွင်းဆီလိုအပ်ချက်နှင့်ပို့ကုန်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ကာ တိုးချဲ့စိုက်ပျိုးမည့် သီးနှံအမယ်တစ်မျိုးဖြစ်ကြောင်း သိရသည်။ (အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း ဧည့်သန်းမြင့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းနှင့် ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအကြောင်းများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဟောပြောသည်။ (အောက်ပုံ)

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ (၀၉၃)



# သရက်မြို့၌ လူငယ်အသိပညာပေးဟောပြောပွဲပြုလုပ်

**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး သရက်မြို့အခြေခံပညာအထက်တန်းကျောင်းခွဲ(လ-၃)ကျောင်း၌ လူငယ်အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူးဦးဝင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်အောင်မိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကျော်ဇောက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အားလုံးကူညီဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတိုက်ဖျက်ရေးလက်ကမ်းစာစောင်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်း စာစောင်များဖြန့်ဝေခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

ဇော်ဝမ်းထွန်း(အောင်လံ)

# တန်ဖိုးမြှင့်စားသောက်ကုန် (Bakery)ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်ပို့ချမည်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအားအခြေခံ၍ တန်ဖိုးမြှင့်စားသောက်ကုန်များအဖြစ် မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းများလုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေတိုးစေရန်ရည်ရွယ်၍ သင်တန်းကို စက်တင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၅လမ်းထောင့်တွင် သင်တန်းကြေး အခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ရာ သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပြများနှင့် ကျွမ်းကျင် ပညာရှင်များကိုယ်တိုင် Bakery အမျိုးမျိုးထုတ်လုပ်နည်းများအား သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများ မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း ၀၂-၄၀၃၉၆၀၉၊ ၀၉-၉၅၇၄၈၅၉၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၀၄၅)

# စပါးခင်းများ ရေကြီးနစ်မြုပ်မှုအတွက် သီးနှံအာမခံ လျော်ကြေးငွေကျပ် ၁၂ ဘီလီယံကျော် ပေးမည်

နိုင်ငံတစ်ဝန်း ဒေသအချို့မှာ စပါးခင်းများ ရေကြီးနစ်မြုပ်မှုများအတွက် သီးနှံအာမခံလျော်ကြေးအဖြစ် ငွေကျပ် ၁၂ ဒသမ ၆၅ ဘီလီယံခန့် ပေးလျော်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းမှ ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် လျော်ကြေးငွေပေးချေသွားမည်ဖြစ်သည်။

ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံဆိုသည်မှာ နှစ်စဉ်ပုံမှန်မိုးရွာသွန်းမှုထက် ပိုမိုရွာသွန်းခြင်းကြောင့် သီးနှံပျက်စီးမှုနှင့် နှစ်စဉ်ပုံမှန် မိုးရွာသွန်းအောက် လျော့နည်း ရွာသွန်းခြင်းကြောင့် သီးနှံပျက်စီးမှုများအတွက် အကာအကွယ်ပေးသော သီးနှံအာမခံအမျိုးအစား ဖြစ်သည်။

"လယ်သမားတွေအနေနဲ့ ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံထားရှိရေး၊ ဆုံးရှုံးမှုတွေဖြစ်ပေါ်ပါက အာမခံလျော်ကြေးပေးအပ်မှုအခြေအနေတွေကို တောင်သူတွေသိရှိရေး အသိပညာပေးဆောင်ရွက်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်းမကျဆင်းစေရန်နှင့် ပြန်လည်စိုက်ပျိုးနိုင်မည့် မျိုးစပါး၊ မြေဩဇာ စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အပါအဝင် သက်ဆိုင်သူတွေအားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် နိုင်ငံတစ်ဝန်းရေကြီးမှုဖြစ်စဉ်ကြောင့် မျိုးစပါးစိုက်ဧကတစ်သန်းကျော် နစ်မြုပ်ခဲ့ရသည်။ ရေနစ်မြုပ်ခဲ့သည့် စပါးစိုက်ခင်းတွေထဲက အချို့နေရာတွေမှာ ပျိုးခင်းတွေ ရေနစ်မြုပ်သွားသောကြောင့် ပြန်လည်စိုက်ပျိုးရခြင်းနှင့် လုံးဝပျက်စီးသွားခြင်းများ ရှိခဲ့သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ရေနစ်မြုပ်သော စပါးစိုက်ဧကများအတွက် လိုအပ်သည့် မျိုးစပါးနှင့်ဓာတ်မြေဩဇာကိစ္စများ စီစဉ်ဆောင်ရွက်ပေးနေပြီး မြေဩဇာအသင်းဝင်ကုမ္ပဏီများကလည်း လိုအပ်သည့် ဓာတ်မြေဩဇာများကို သက်သာသည့် ဈေးနှုန်းဖြင့် ပံ့ပိုးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**





# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး(ခရိုင်အဆင့်)သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး၊ ခရိုင်အဆင့် သင်တန်းဆင်းပွဲနှင့် မြို့နယ်အဆင့် သင်တန်းနည်းပြ ခန့်အပ်တာဝန်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်အဆင့်နည်းပြ ခန့်အပ်တာဝန်ပေးအပ်လွှာများ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်၊ ဒုတိယခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါ ခရိုင်အဆင့်သင်တန်းသို့ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၂၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၀၉၃)

# ပင်းတယမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်သော သဘာဝဘေးဖြစ်စဉ်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပင်းတယ စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်သော သဘာဝဘေးဖြစ်စဉ်များအား ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပင်းတယမြို့နယ်တွင် စက်တင်ဘာ ၉ ရက်မှ စက်တင်ဘာ ၁၂ ရက်အထိ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်တော်သာရပ်ကွက်အတွင်းရှိ လူနေအိမ်ခြောက်လုံးအတွင်းသို့ ရေများစီးဝင်ခဲ့ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ အဆိုပါအိမ်ထောင်စု ခြောက်စုအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ်သုံးသိန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီး သဘာဝပုန်းတလုတ်ကန်အတွင်း ရေဝင်ရောက်မှု၊ ရေပိုလွှဲဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် တောင်ပေါ်ကြီးကျေးရွာ၊ ပင်းတယ-ရွာင်ကားလမ်းဘေးရှိ လူနေအိမ်တစ်လုံး၏ အလျား ပေ ၆၀၊ အမြင့် ပေ ၃၀ ၊ ထု ၃ ပေရှိ မြေထိန်းနံရံ(ကျောက်စီ)ပြိုကျပျက်စီးမှုနှင့် ပင်းတယ-ရွာင်ကားလမ်း မိုင်တိုင်အမှတ် ၅ ကီလိုမီတာနှင့် ၅ ဒသမ ၅ ကီလိုမီတာအကြားတွင် အရှည် ၂၆ ပေ၊ အကျယ် ၂၅ပေခန့် လမ်းမြေကျွံကျမှု အခြေအနေများအားလည်းကောင်း၊ မိုင်းလီကျေးရွာအုပ်စု၊ မိုင်းအင်ကျေးရွာရှိ အောင်ပန်း-ပင်းတယ-ရပ်စောက်သွားလမ်းမပေါ်ရှိ သံမဏိသံပေါင်တံတားဟောင်း ပျိုကျပျက်စီးမှု အခြေအနေများနှင့် ပင်းတယမြို့နယ် ဖောင်းပြားကျေးရွာနှင့် ရပ်စောက်မြို့နယ် မြေနီကုန်းကျေးရွာ၊ တောင်ချွန်းကျေးရွာတို့ဖြင့် ဆက်သွယ်ထားသည့် အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ ရှိ ကွန်ကရစ်တံတား ကျိုးပဲ့ပျက်စီးမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပွေးလှကျေးရွာအုပ်စု၊ ရှောက်ပင်ကျေးရွာ၊ ရေဂနိုင်ဘုန်းတော်ကြီးကျောင်း အဆောက်အအုံရှေ့ရှိ ကွန်ကရစ်လမ်းအရှည် ၂၅၀ ပေ၊ အကျယ်ပေ ၅၀ လမ်းသည် မြေသား ပေ ၂၀ခန့် နိမ့်ကျမှုဖြစ်ပွားခဲ့မှုနှင့် ပွေးလှရေကန်အတွင်း ရေများဝင်ရောက်မှုတို့ကို သွားရောက်ကွင်းဆင်း စစ်ဆေးပြီး လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၃၃၈)



# ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါက Consumer Call Center 1535 နံပါတ်သို့ ဖုန်းခေါ်ဆိုနိုင် တိုင်ကြားနိုင်

ကုန်စည် (သို့) ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါက ဖုန်းဖြင့် Consumer Call Center 1535 နံပါတ်ကို တနင်္လာနေ့မှ သောကြာ၊ နံနက် ၉နာရီခွဲမှ ညနေ ၄နာရီခွဲအတွင်း ခေါ်ဆိုပြီး တိုင်ကြားနိုင်သည်ဟု စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

ကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် အခြားကုန်စည်များ၊ ပညာရေးဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ အစားအသောက်ဝန်ဆောင်မှုနှင့် အခြားဝန်ဆောင်မှုအမျိုးမျိုးတို့ကို ဝယ်ယူအသုံးပြုသည့်အခါမှာ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက စားသုံးသူရေးရာဌာနသို့ တိုင်ကြားနိုင်သည်ဟု သိရသည်။

"စားသုံးသူအနေနှင့် မေးမြန်းလာတဲ့ သတင်းအချက်အလက်တွေကို ပြန်လည်ဖြေကြားပေးနိုင်ရန်နဲ့ တိုင်ကြားမှုများကိုလက်ခံနိုင်ရန်၊ စားသုံးသူနစ်နာဆုံးရှုံးမှုရှိတယ်ဆိုရင် တစ်စုံတစ်ရာ တိုင်ကြားနိုင်ဖို့အတွက် လွယ်ကူအောင် Call Center 1535 နံပါတ်ကို ခေါ်ပြီး တိုင်လို့ရပါတယ်။စားသုံးသူကာကွယ်ရေးဥပဒေအရ ကုန်ပစ္စည်း တစ်ခုခုဝယ်ယူမယ့်အချိန်မှာ အာမခံချက်တွေပါတယ်။ အဲဒီအာမခံချက်တွေအတိုင်း လုပ်ဆောင်မပေးတဲ့ ကိစ္စရပ်မျိုးတွေအပြင် ကျန်းမာရေးဝန်ဆောင်မှု၊ အင်တာနက်ဝန်ဆောင်မှု၊ လေကြောင်းဝန်ဆောင်မှု၊ ကားလိုင်းဝန်ဆောင်မှုတွေကိုလည်း တိုင်ကြားလို့ရတယ်"ဟု မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဌာန ဦးစီးအရာရှိ ဒေါ်မေသက်ထွန်းက ပြောသည်။

စားသုံးသူများအနေဖြင့် ကုန်စည်(သို့)ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့လာပါက ထိခိုက်နစ်နာမှုများနှင့်ပက်သက်ပြီး တိုင်ကြားခွင့်နှင့် လျော်ကြေးတောင်းဆိုပိုင်ခွင့်များရှိပြီး တိုင်ကြားလိုပါက တိုင်း/ပြည်နယ်များရှိ စားသုံးသူရေးရာဦးစီးဌာန၊စားသုံးသူသတင်းပြန်ကြားရေးနှင့်တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေတိုင်ကြားနိုင်ပြီး၊ Consumer Call Center ဖုန်းနံပါတ်1535နံပါတ်သို့ ဆက်သွယ်ခေါ်ဆို၍ စုံစမ်းမေးမြန်းတိုင်ကြားနိုင်သည်။

ထို့အပြင် Onlineမှတစ်ဆင့် တိုင်ကြားလိုပါက www. doca. gov.mm သို့လည်း တိုင်ကြားနိုင်ပြီး စားသုံးသူရေးရာဦးစီးဌာန၏ Face Book Page များ၊ Viber နံပါတ်၊ consumer websited oca@gmail.com, ciccnpt @gmail.com နှင့် စားသုံးသူရေးရာအသင်းအဖွဲ့များသို့လည်း ဆက်သွယ်တိုင်ကြားနိုင်သည်။

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀

# လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းက အမှတ်(၂၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီဝင်းသူက ဦးဆောင်ဆွေးနွေးခဲ့ပြီး အမှတ်(၂၄)အ.ထ.ကကျောင်းမှ Grade -11 ကျောင်းသား မောင်ထွန်းနိုင်လင်းက ကျန်းမာရေး၊ Grade -10 ကျောင်းသား မောင်ရဲမင်းအောင်က အားကစားနှင့် အပန်းဖြေခြင်း၊ Grade -10 ကျောင်းသားမောင်ဝေလွင်ဦးက သိပ္ပံနှင့်နည်းပညာ၊ Grade -10 ကျောင်းသူ မထက်ထက်ဝင်းက ပညာရေး၊ Grade-11 ကျောင်းသူ မနန်းကျော့ကျော့အောင်က မူးယစ်ဆေးနှင့် အခြားဘေးဖြစ်စေတတ်သောအန္တရာယ်များ၊ Grade-10 ကျောင်းသူ မခွန်းဆုသစ္စာက ကျား၊ မ တန်းတူညီမျှရေးစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများအပေါ် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းကြရာ ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**


(၀၅၆)



ဝတ္ထုတိုကဏ္ဍ

# ကဗျာချစ်သူ . . . . . စာချစ်သူ

ချမ်းငြိမ့်မိုး(မန္တလေး)



'ကိုနေဆူး စာရေးနေတာလား'

အချိန်က ည ၁၀ နာရီကျော်ကျော်၊ စောစောကတည်းက အိပ်ရာဝင်သွားတဲ့ ဇနီးဖြစ်သူ မပန်းနုက အိပ်ရာထဲမှ လူးလဲထလာရင်း စာရေးနေတဲ့ ကိုနေဆူးကို လှမ်းမေးလိုက်ခြင်းပါ။

'ဟုတ်တယ်လေ မပန်းနု အိပ်သွားပြီထင်နေတာ၊ လာ ထိုင်လေ'

မပန်းနု စားပွဲခုံရှေ့က ကုလားထိုင်မှာ ဝင်ထိုင်ရင်း သူ့ရဲ့ပြေကျရှုပ်ထွေးနေတဲ့ ဆံပင်တွေကို လက်နဲ့သပ်ပြီး ပြန်ပြီးပြင်ထုံးလိုက်ပါတယ်။

'အင်း - အိပ်တော့ အိပ်တာပဲ။ ကျွန်မတို့ရဲ့ မိသားစုရှေ့ရေးတွေးမိရင်းက အိပ်မပျော်လို့ ထလာခဲ့တာ'

'ဘယ်လို ရှေ့ရေးလဲ မပန်းနု'

'အဲဒီကိစ္စ ပြောကြရအောင်'

'ပြောလေ ကိုယ်စာရေးရင်း နားထောင်ပါ့မယ်'

'စာရေးတာ ရပ်လိုက်ပါ'

ကိုနေဆူးတို့ အိမ်ထောင်သက်တမ်း (၁၀)နှစ်ကျော်ခဲ့ပါပြီ။ မပန်းနုရဲ့ ဒီအမူအယာ၊ ဒီလိုလေသံ၊ ဒီလိုပုံစံမျိုးတွေ တစ်ခါမှ မမြင်ဘူး၊ မကြားဘူးလို့ ကိုနေဆူး အံ့ဩသွားပါတယ်။ ထူးဆန်းနေတယ်လို့ ထင်မိတဲ့အတွက် ကိုနေဆူးက သူပြောတဲ့အတိုင်း စာဆက်မရေးဘဲ လက်ထဲက ဘောလ်ပင်ကို စာရွက်ပေါ် ပစ်တင်လိုက်ပါတယ်။

'ကဲ ပြောတော့ မပန်းနု ကိုယ်စာရေး ရပ်လိုက်ပြီ'

'ကိုနေဆူး ရှင်စာရေးလို့ရတဲ့ ပိုက်ဆံနဲ့ ကျွန်မတို့ မိသားစု စားရေးမလောက်ဘူးဆိုတာ သိတယ်နော်'

'သိတယ်လေ၊ အဲဒါကြောင့် မပန်းနု အထည်တွေရောင်းပြီး တစ်ဖက်တစ်လမ်းက ဝင်ငွေရှာနေတယ်လေ'

'အခု အဲဒီအထည်ရောင်းတဲ့အလုပ်က အဆင်မပြေတော့ဘူး။ အကြွေးတွေ ကျပြီ၊ အခု ကျွန်မမှာ အရင်းမရှိတော့ဘူး'

'ဒီတော့ - - - '

'အဲဒီတော့ ကိုနေဆူးအနေနဲ့ စာမရေးဘဲ တခြားဝင်ငွေကောင်းတဲ့လုပ်ငန်းလုပ်ဖို့ စိတ်ကူးမရှိဘူးလား'

'ဘယ်လို ဘယ်လို မပန်းနု'

ကိုနေဆူး မပန်းနုရဲ့စကားကြောင့် အံ့ဩသွားသလို သူ့ရဲ့အရှိက်ကို လက်သီးနဲ့ အထိုးခံလိုက်ရသလိုမျိုးလည်း နာကျင်ခံစားသွားရပါတယ်။

'ဘယ်လိုကွဲ့ မပန်းနု၊ ကိုယ့်ကိုယ်စာမရေးနဲ့လို့ ပြောလိုက်တာလား'

'ဟုတ်တယ်လေ ရှင့်အလုပ်က ဝင်ငွေမကောင်းတာ ပြောင်းသင့် ပြောင်းရမှာပေါ့'

'တော်တော့ မပန်းနု ကိုယ်စာရေး ဝါသနာပါတာ သိလျက်သားနဲ့ ကိုယ်နဲ့လက်ထပ်ခဲ့တာနော်'

'ဟုတ်တယ်လေ အဲဒီတုန်းက နှလုံးသားကို ဦးစားပေးမိခဲ့တာလေ။ အခုတော့ ကျွန်မမှားမှန်း သိခဲ့ရပြီ'

'အဲဒီတော့ ဆက်ပြောပါဦး'

'ကိုနေဆူး ဒီအတိုင်းပဲ မပြောင်းလဲဘူးဆိုရင် ကျွန်မတို့ လမ်းခွဲရအောင်'

မပန်းနု ခြိမ်းခြောက်နေတာလား၊ တကယ်ပဲလား မသိပါ။ မပန်းနုဖက်ကတော့ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ပြတ်ပြတ်သားသားချထားပုံရကြောင်း၊ သူ့အမူအယာ သူ့လေသံတွေက သက်သေပြနေပါတယ်။ ဘာပဲဖြစ်ဖြစ် ကိုနေဆူးကလည်း စာပေက သူ့အသက်၊ စာပေက သူ့ဘဝလို့ ခံယူထားသူဆိုတော့ စိန်ခေါ်မှုအားလုံးကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားပြီးသားပါ။ ဒါကြောင့် သူ့ဘက်ကလည်း ပြတ်ပြတ်သားသားပဲ အဖြေပေးလိုက်ပါတယ်။

'ဒီမှာ မပန်းနု ကိုယ်စာရေးခြင်းကိုတော့ မစွန့်လွှတ်နိုင်ဘူး'

'ဒါဆို ကျွန်မတို့ သားအမိကို စွန့်နိုင်တဲ့သဘောပေါ့လေ။ ကောင်းပြီလေ'

မပန်းနု ဘာမှ မပြောတော့ဘဲ ကုလားထိုင်ပေါ်က ဇတ်ကနဲထလိုက်ပြီး အခန်းထဲကို ဝင်သွားပါတယ်။ ခဏအကြာမှာတော့ အဝတ်တွေထည့်ထားတဲ့ အိတ်တစ်လုံးနဲ့အတူ သားလေးကို လက်ကဆွဲပြီး ထွက်လာပါတယ်။ ကိုနေဆူး မြင်ပေမယ့်လည်း မှင်သက်မိသလို ဖြစ်နေပြီ။ သွားတော့လို့လည်း မပြောမိသလို နေပါလို့လည်း မတားဘဲ ဒီအတိုင်းကြည့်နေမိပါတယ်။ ဒီလိုနဲ့ပဲ မပန်းနု လှေကားအတိုင်း ဆင်းသွားရာ အိမ်အောက်ထပ်မှာ ရှိနေတဲ့ ကိုနေဆူးရဲ့ ညီမဖြစ်သူက တားနေပုံရပါတယ်။

'အစ်မရယ် စဉ်းစားပါဦး'

'အစ်မ စဉ်းစားလာခဲ့တာ ကြာပြီ ညီမ၊ ဒီနေ့တော့ အစ်မ ဆုံးဖြတ်ပြီးပြီ'

မပန်းနုက ညီမလေးတားနေတဲ့ကြားကနေ ထွက်သွားပါပြီ။ ညီမဖြစ်သူက အူယား ဖားယားနဲ့ အိမ်ပေါ်ပြေးတက်လာပြီး

'အစ်ကိုကြီးရယ် အစ်မပြောသလို'

'တော်ပြီ ညီမလေး အစ်ကိုလဲ ဆုံးဖြတ်ပြီးပြီ'

'တော်တော်ကို ခေါင်းမာကြတဲ့ လင်မယားပဲဒုက္ခပါပဲ'

ညီမလေးလည်း စိတ်ပျက်ပြီး သူ့ခေါင်းကို ကုပ်ပြီး ဆင်းသွားပါတယ်။ ကိုနေဆူး တစ်ယောက်ထဲကျန်ခဲ့ပါတယ်။ သူနေတဲ့ အပေါ်ထပ်လည်း တိတ်ဆိတ်သွားပါတယ်။ သူ့စာရေးဖို့ ပြင်ဆင်ချိန်မှာ မီးကပျက်သွားလို့ စာမရေးတော့ဘဲ ဆေးလိပ်ကို ဖွာနေလိုက်ပါတယ်။ ဆေးလိပ်မီးခိုးတန်းလေးတွေ အလိပ်လိုက် အလိပ်လိုက်အပေါ်ကို တက်နေတာကို ကြည့်ရင်း သူ့အတွေးတွေလည်း အလိပ်လိုက် အလိပ်လိုက်ပေါ်လာပါတယ်။

ကိုနေဆူးအနေနဲ့ လောကကြီးထဲမှာ အလုပ်တွေ အများကြီးရှိတဲ့အထဲကမှ စာရေးခြင်းအလုပ်ကိုမှ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။ သူစာရေးခဲ့တာ ကြာခဲ့ပြီဖြစ်သော်လည်း ကနေ့အချိန်အထိ နာမည်မကြီးသလို ဝင်ငွေလည်း ပုံမှန်မရှိခဲ့ပါ။ ဒါက မဆန်းပါ။ ဒီအတွက်လည်း ဝမ်းမနည်းပါ။ ဘာလို့လဲဆိုရင် စာရေးတဲ့စာပေသမားတွေ အများဆုံးတွေ့ရတဲ့ သဘာဝတစ်ခုပါ။ ဟုတ်ပါတယ်။ စာရေးပြီး ချမ်းသာတဲ့ စာရေးဆရာ လက်ချိုးရေလို့ရပေမယ့် စာရေးပြီး ဆင်းရဲနေတဲ့ စာရေးဆရာတွေရဲ့ အရေအတွက်ကတော့ ရေတွက်လို့ရနိုင်မယ်မထင်ပါ။ ကိုနေဆူးအနေနဲ့ ဆရာ့ ဆရာကြီးများရဲ့ အတွေ့အကြုံပတ်သက်တဲ့ စာပေတွေ ဖတ်ရင်းကနေ ဒီအကြောင်းတွေ သိခဲ့ရပါတယ်။ စာရေးဆရာအလုပ်ဆိုတာ ဘဝအာမခံချက်မရှိပါ။ ဆင်းရဲမယ်။ စားဝတ်နေရေး အဆင်မပြေဘူး။ ဘဝရပ်တည်လို့ မရနိုင်ဘူး။ သူဒါတွေကို သိပါတယ်။ သိသိကြီးနဲ့ကို စာပေလောကထဲကို ခြေစုံပစ်ဝင်ခဲ့သူပါ။ မိုက်မဲရာ မကျလွန်းဘူးလား။ စွန့်စားရာ မရောက်ဘူးလား။ နောင်တမရဘူးလား။

သူ အခုလို စာပေလောကထဲကို ဝင်ဖြစ်တာကလည်း သူ့အနားမှာရှိတဲ့ ကဗျာဆရာကြီးကို အားကျလို့ပါ။ အဲဒီတုန်းက ဆရာကြီးက ရန်ကုန်မှာရှိတဲ့ မဂ္ဂဇင်းတိုက်တွေမှာ ကဗျာတွေ ရေးပို့နေချိန်ပါ။ မဂ္ဂဇင်းမှာ အဖွင့်ကဗျာပါရင် ငွေ ၁၅ ကျပ်နဲ့ မဂ္ဂဇင်းတစ်အုပ် လက်ဆောင်ရပါတယ်။ ဆရာကြီးဆီကို စာတိုက်ကနေ ပို့ပေးတယ်လို့ ပြောပါတယ်။ သူလည်း ဆရာကြီးလို ကဗျာဆရာဖြစ်ချင်တဲ့အတွက် ဆရာကြီးဆီမှာ ကဗျာရေးနည်းတွေ သင်ပါတယ်။ ဆရာကြီးကလည်း ကဗျာရေးနည်းတွေ သင်ပြပေးသလို အတွေးအခေါ်နဲ့ပတ်သက်တာတွေလည်း လမ်းညွှန်ပေးပါတယ်။ စာများများဖတ်ဖို့ လေ့လာဖို့တွေပါ ပြောပြပါတယ်။ သူလည်း ဆရာကြီးရဲ့ လမ်းညွှန်ချက်တွေအတိုင်း သုံးကြောင်းကဗျာလေးတွေ ရေးကြည့်ပါတယ်။ ပြီးလျှင် ဆရာကြီးကို ပြကြည့်ပေါ့။ ဆရာကြီးကလည်း လိုအပ်တာတွေ ပြင်ဆင်ဖြည့်စွက်ပေးပါတယ်။ စာစောင်တွေ ပို့ဖို့လည်း လိပ်စာတွေ ပေးပါတယ်။ သူလည်း ရေးပြီးသား ကဗျာတိုလေးတွေ စုပြီး စာစောင်တွေကို စမ်းပြီးပို့ကြည့်ပါတယ်။ ပို့လိုက်၊ ပယ်လိုက်ပါပဲ။ ဒါလည်း သူက စိတ်ဓာတ်မကျဘဲ ဆက်ပြီး ပို့နေရာက တစ်ပတ်မှာတော့ အကယ်ဒမီစာစောင်မှာ သူ့ရဲ့သုံးကြောင်းကဗျာလေးဖော်ပြခြင်းခံရပါတယ်။ အဲဒီကဗျာလေးက - - -

*** သူ့ကို တွေ့လဲ**
**ငါ့စိတ်ထဲဝယ်**
**အမြဲ ဒေါသ ဖြစ်မိတယ်** - - -တဲ့။

အဲဒီကဗျာလေးရဲ့ ခေါင်းစဉ်ကတော့ 'မကြင်သော မိန်းကလေး'တဲ့၊ အဲဒီကဗျာလေးပါလာတုန်းကဆိုရင် သူ့မှာ ပျော်လိုက်တဲ့ဖြစ်ခြင်း၊ ထမင်းတောင် မစားနိုင်ဘူး။ ဟိုလူပြလိုက် ဒီလူပြလိုက်နဲ့ မမောနိုင်၊ မပန်းနိုင်ပါပဲ။ တချို့က ဂုဏ်ယူကြပါတယ်။ တချို့ကျတော့ မနှစ်သက်တဲ့ပုံစံတွေ ပြကြပါတယ်။ အဲဒီကဗျာလေးကပဲ သူ့ကို စာပေလောကထဲ ဆွဲခေါ်ခဲ့ခြင်းဖြစ်ပါ တယ်။ ဒီကဗျာလေးကပဲ သူ့ကို ကဗျာတွေ ဆက်ရေးဖြစ်အောင် တွန်းအားပေးခဲ့တာပါ။ ဒီကဗျာလေးကပဲ သူ့ကို ဒီဘဝထဲရောက်အောင် ပို့ပေးခဲ့တာပါ။ ဒါ့ကြောင့် ဒီကဗျာလေးက သူ့ဘဝ အတွက် အမှတ်တရဖြစ်ခဲ့ရပါတယ်။

အဲဒီနောက်မှာတော့ သူ့ရဲ့ကဗျာတွေ၊ စာစောင်တွေ၊ ဂျာနယ်တွေမှာ မကြာခဏဖော်ပြခြင်းတွေ ခံခဲ့ရလို့ စိတ်ဓာတ်တွေ တက်ကြွနေပါတယ်။ ညဆိုလည်း ညဥ့်နက်သန်းခေါင်အထိ ကဗျာတွေ ထိုင်ရေးဖြစ်ပါတယ်။ မနက်ဆိုရင် ၉ နာရီလောက်မှ အိပ်ရာထပြီး လွယ်အိတ်ကို ပခုံးချိတ်၊ ဆေးလိပ်ဖွာရင်း စာပေမိတ်ဆွေတွေရှိတဲ့ လက်ဖက်ရည်ဆိုင်သွားပေါ့။ အဲဒီမှာ စာပေအကြောင်း၊ ကဗျာအကြောင်း ပြောကြဆိုကြ၊ ရယ်မောကြ၊ စာမူခရတဲ့သူက လက်ဖက်ရည်ဖိုးရှင်းကြနဲ့ ပျော်စရာ နိဗ္ဗာန်ဘုံလေးပါပဲ။ ကိုနေဆူးလည်း သူရွေးချယ်ခဲ့တဲ့ဘဝထဲမှာပဲ အားလုံးကို နစ်မြုပ်ပြီး ပျော်နေပါတယ်။ ပြီးတော့ သူ့ရင်ထဲမှာ ကဗျာကလွဲရင် အခြားခင်မင်တွယ်တာစရာ မရှိလို့ အရင်က ကြွေးကြော်ထားပေမယ့် အခုချိန်မှာတော့ သူ့ရင်ထဲမှာ၊ သူ့နှလုံးသားထဲမှာ အချစ်တစ်ခု ကိန်းအောင်းနေပြီလို့ ခံစားနေရပါတယ်။ ဟုတ်ပါတယ်။ အဲဒါက အခြားမဟုတ်ပါ။ ကိုနေဆူးဟာ မနက်စာ ထမင်းကို မစားဖြစ်တာများပါတယ်။ မစားချင်လို့ မဟုတ်ပါ။ အခြေအနေကြောင့်ပေါ့။ သူ့အနေနဲ့ မနက်စာ ထမင်းအဖြစ် မုန့်တီလက်သုပ်တော့ စားဖြစ်ပါတယ်။ မုန့်တီလက်သုပ်ရောင်းသူက မပန်းနုပါ။ သူထိုင်တဲ့ လက်ဖက်ရည်ဆိုင်နဲ့ ဘေးချင်းကပ်အနေအထားမှာ မပန်းနုဟာ မုန့်တီလက်သုပ်၊ ခေါက်ဆွဲသုပ်၊ မုန့်ဟင်းခါးကို မနက်ပိုင်းမှာ ပုံမှန်ရောင်းသူပါ။ အဲဒီမှာ သူဟာ မပန်းနုရဲ့ လက်ရာကောင်းတဲ့ မုန့်တီလက်သုပ် မနက်တိုင်းစားရင်းကနေ၊ တစ်ဦးနဲ့တစ်ဦး အကြည့်ချင်းဆုံရာကနေ သူ့ရဲ့ အနုအလှ သမုဒယကဗျာလေးတွေ ပေးဖတ်ရင်းကနေ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်အမျှင်တန်းလေးတွေ ရစ်ပတ်ရင်းကနေ သူတို့နှစ်ဦးရဲ့ နှလုံးသားမှာ အချစ်ဆိုတဲ့ အက္ခရာကမ္ပည်းမော်ကွန်းထိုးလိုက်ပါတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ပါတယ်'လို့ မပြောရဘဲ အချစ်ရဲ့ သင်္ကေတတွေနဲ့ပဲ လက်ထပ်ဖြစ်ခဲ့ကြပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်



**မန္တလေး စက်တင်ဘာ ၁၅**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊B.A)က ရေစက်ချအနုမောဒနာ တရားဟောကြားချီးမြှင့်ပြီး မန္တလေး၊ ၅၈ Aလမ်း၊ ၁၀၃လမ်းနှင့်၁၀၄လမ်းကြားနေ အလှူရှင်ဦးချစ်တိုး+ဒေါ်တင်တင်ညို၊ (သမီး) မသက်သက်ဦး၊ မရတနာတိုး၊ မမြတ်ဆုမွန် မိသားစုမှ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်၃၃သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ်ငါးသိန်း၊ စုစုပေါင်း ငွေကျပ် ၃၈သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**(အပေါ်ဝဲပုံ)**

**(ဝ၃၆)**

## ကျောင်းသား၊ ကျောင်းသူများအား ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေး

**ပုသိမ်ကြီး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ Community Centre ပံသုကျိခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျောင်းသား၊ ကျောင်းသူများအား စာပေဗဟုသုတအပြင် အခြားအသိပညာများရရှိစေရန် ရည်ရွယ်၍ စိတ်ကြိုက်ပန်းချီ၊ ကဗျာရွတ်၊ ပုံပြင်ပြော စသည့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇင်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသည့် အထက ပုသိမ်ကြီး Grade - 6 ကျောင်းသား၊ ကျောင်းသူများအား စာစီစာကုံး၊ ပုံပြော၊ ကဗျာရွတ်၊ စိတ်ကြိုက်ပန်းချီ၊ ဆေးရောင်ခြယ် စသည့် ပြိုင်ပွဲများအပြင် စာအုပ်စာစောင်ပြပွဲ၊ စာဖတ်ဝိုင်း စသည်တို့ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အထက ပုသိမ်ကြီးအလယ်တန်းပြ ဆရာမဒေါ်ခင်ခင်ဝင်းနှင့် Grade-6 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ယနေ့ ကျင်းပခဲ့သော ပြိုင်ပွဲများမှာ နံရံကပ်စာစောင်ပြပွဲ၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်၊ စာဖတ်ဝိုင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**(အောက်ပုံ) (ဝ၉၅)**

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း လက်တွေ့ကွင်းဆင်း လေ့ကျင့်သင်ကြား



**သရက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ခရိုင်အဆင့်နည်းပြ သင်တန်းဖွင့်လှစ်လျက်ရှိရာ စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက သရက်မြို့ မြောက်မင်းတည်း ရပ်ကွက်တွင် နည်းပြသင်တန်းသားများအား လက်တွေ့ကွင်းဆင်း လေ့ကျင့်သင်ကြားပေးရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းတွင် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာနှင့် ၂၀၂၄ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေး အစီအမံများ သန်းခေါင်စာရင်း လုပ်ငန်းစဉ်၊ စာရင်းစစ်၊ စာရင်းကောက်များ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ ဥပဒေပြဋ္ဌာန်းချက်များ၊ စာရင်းကောက်ကွက်နှင့် စာရင်းစစ်မြေပုံများ၊ အိမ်အကြောင်းအရာမေးခွန်းများ၊ လူဦးရေဆိုင်ရာအချက်အလက်မေးခွန်းများစသည့် ဘာသာရပ်များကို ခရိုင်အဆင့်နည်းပြသင်တန်းသားများအား စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ပြီး ပြည်သူလူထုအတွင်း လက်တွေ့ကွင်းဆင်း လေ့ကျင့်သင်ကြား ဆောင်ရွက်ကြခြင်း ဖြစ်သည်။

သင်တန်းကို စက်တင်ဘာ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်များမှ ခရိုင်အဆင့်နည်းပြသင်တန်းသား ၃၂ဦး တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်ခဲ့သည့် နည်းပြများမှ သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်အဆင့်သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မြို့နယ်များအတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအလိုက် သန်းခေါင်စာရင်းကောက်ကွက်များတွင် စာရင်းကောက်အဖွဲ့များမှ အောက်တိုဘာ ၁ရက်မှ ၁၅ရက်အထိ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ဂရုဓမ္မအခါတော်နေ့

\- - - - - - - - - - -

* ဂရုဓမ္မဆိုသည်မှာ
အလေးအမြတ် ပြုစရာ ။
ကုရုတိုင်းမှာ တစ်ပြည်လုံး
ငါးပါးသီလ အစဉ်သုံး ။

* ကလိင်္ဂတိုင်းလုံး မိုးခေါင်ကာ
ရှားပါးစားအစာ ။
မင်းနှင့်ပြည်သူပါ ငါးပါးသီလ
ကင်းဝေး မရှိကြ ။

* သီလပြည့်တဲ့ ကောရဗျထံ
ကျင့်စဉ်နည်းယူရန်
ကြိမ်ဖန်များစွာ အားထုတ်မှ
ကလိင်္ဂတိုင်း ချမ်းသာရ ။

* ငါးပါးသီလ လူတိုင်းမှာ
ခါးဝတ်ကဲ့ ပမာ ။
မြဲမြံစွာ လိုက်နာမှ
အေးချမ်း ထာဝရ ။

* ဂရုဓမ္မ မြဲမကွာ
တရား စောင့်ကြပါ ။
တို့များသူငါ နေ့စဉ်တွေ့
ငါးပါးသီလ မြဲပါလေ့
ဂရုဓမ္မ အခါတော်နေ့ ။ ။

**ရွှေမင်းသား(စစ်ကိုင်း)**



## သတင်းပဒေသာ

### ပြည်သူ့စာကြည့်တိုက်၌ စာဖတ်ဝိုင်းဆွေးနွေး

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာဗဟုသုတများတိုးပွားလာစေရန်အတွက် အသိပညာပေးလုပ်ငန်းများစွာ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် လူငယ်များ အတွေးအခေါ်မြင့်မားပြီး စကားပြောစွမ်းရည်များ ကြွယ်ဝလာစေရန်အတွက် စာပေချစ်မြတ်နိုးသူ (Youth Clup)အဖွဲ့ဝင်များနှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း ခရိုင်အဆင့် နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက်၊ မြို့နယ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် သန်းခေါင်စာရင်းကော်မတီ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူထုအသိပညာပေး ဟောပြော

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး လူထုအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေသဲဖြူခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖြင့် ပြည့်စုံစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်ပိုင်း ၉ နာရီက အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ မိုးရာသီတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရုံးရပ်တောင်ပိုင်းရပ်ကွက်၊ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်

စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဖွင့်လှစ်သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး( ငွေစာရင်း)ထိန်းသိမ်းနည်း သင်တန်းနှင့် (Social Skill Development)အသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါရုံးတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း




**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး၊ ကန်ပတ်လမ်းရှိ ဇိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့နေ ဦးကိုကို+(ဒေါ်ဝေဝေ)ဒေါ်တင်တင် သဘော်ဆေးဆိုင် မိသားစုတို့မှ ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင် အပါး ၁၀၀ အတွက် အလှူငွေကျပ် ၃၅ သိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည် ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)(ကဆ)

## ရွှေဆံပင်ဆရာတော်နှင့်အဖွဲ့က ငွေကျပ် သိန်း ၁၀၀ မ,တည်၍ ရေဘေးကူညီဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဆံပင်ဆရာတော်ဦးဆောင်သော ရွှေဆံပင်အဖွဲ့က ရေဘေးဒုက္ခရောက်နေသူများ လက်ရောက်လှူဒါန်းကူညီနိုင်ရန်အတွက် ငွေကျပ် သိန်း ၁၀၀ မ,တည်၍ အလှူရှင်များ၏ အလှူငွေအားဖြင့် ကူညီမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လထံမှ သိရသည်။

'လောလောဆယ် ကယ်ဆယ်ရေးအတွက် ဘုန်းဘုန်းက ငွေကျပ် ၁၀ သိန်း မ,တည်ပြီး ထမင်းဘူးဝေတာတွေ၊ ကယ်ဆယ်ရေးလုပ်တဲ့သူတွေကို ကုသိုလ်လုပ်ပေးတယ်။ ဒုတိယအစီအစဉ်က ရွှေဆံပင်အဖွဲ့အနေနဲ့ ငွေကျပ် သိန်း ၁၀၀ မ,တည်ပြီး အနည်းဆုံး အိမ်ထောင်စု ၁၀၀၀ စာကို ဆန်၊ ခြင်ထောင် အပါအဝင် ပစ္စည်း ၅ မျိုး ၆ မျိုးလောက် ၅သောင်းဖိုးလောက်လှူဖို့ စီစဉ်ထားပါတယ်။ အလှူရှင်တွေ ပူးပေါင်းလာရင် အိမ်ထောင်စု ၁ ထောင်ကနေ ၂ ထောင်၊ ၃ ထောင် ဖြစ်သွားနိုင်ပါတယ်။အိမ်ထောင်စု ၁ ထောင်စာအတွက်ဆိုရင် ငွေကျပ် သိန်း ၅၀၀၊ အိမ်ထောင်စု ၂ ထောင်စာဆိုရင် ငွေကျပ် သိန်း ၁၀၀၀ စသဖြင့် ဖြစ်သွားမှာပေါ့။ အလှူရှင်ပေါ်မူတည်ပြီး နယ်ပယ်အရေအတွက် ချဲ့သွားမှာပါ' ဟု ရွှေဆံပင်ဆရာတော်အရှင်ဝေပုလ္လက မိန့်ကြားသည်။

ရွှေဆံပင်အဖွဲ့အနေဖြင့် ရေဘေးကူညီလှူဒါန်းရာတွင် လိုအပ်သည့်နေရာကို လှူသွားမည်ဖြစ်ပြီး ပစ္စည်းဆုံးရှုံးမှုများသည့်နေရာ၊ အလှူရှင်မရောက်သည့်နေရာကို ဦးစားပေးကူညီသွားမည်ဖြစ်ရာ ရှေ့ပြေးအဖွဲ့များအနေဖြင့် လေ့လာစုံစမ်းသိရှိနိုင်ရန် ယနေ့တွင် ရေဘေးသင့်ဒေသများသို့ ထွက်ခွာသွားကြပြီဖြစ်ကြောင်း သိရသည်။

'ရေဘေးနဲ့ပတ်သက်လို့ အရောင်ခွဲခြားမှုတွေမလုပ်ဘဲ တတ်နိုင်သူတွေက တတ်နိုင်သလောက်လုပ်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ဆိုင်ရာပုဂ္ဂိုလ်တွေကလည်း ပရဟိတလုပ်နေသူတွေကို ကူညီစောင့်ရှောက်စေချင်ပါတယ်။

အားလုံးအပြန်အလှန်စောင့်ရှောက်ပြီးနိုင်တဲ့ ဘက်ကနေ တာဝန်ယူပြီး လုပ်စေချင်ပါတယ်' ဟု ရွှေဆံပင်ဆရာတော် အရှင်ဝေပုလ္လက မိန့်ကြားသည်။

ဒေါက်တာဒေါ်ညိုညိုသင်း၏ ရန်ကုန်စောင့်ကြည့်ပရဟိတအဖွဲ့၏ဖိတ်ခေါ်ချက်အရ ရေကူးကျွမ်းကျင်သည့် ရွှေဆံပင်အဖွဲ့သားများကို ဆရာတော် ဦးသုဘောဂ ဦးဆောင်၍ ရေဘေးသင့်ဒေသသို့ ထွက်ခွာသွားကြပြီဖြစ်ရာ ရေကူးဆရာများက ဧရာဝတီတိုင်းဘက်မှ လူငယ်လေးများကို အဆက်အသွယ်ဖြင့် အကူအညီတောင်းထားခြင်း ဖြစ်သည်။

အဆိုပါ ကူညီကယ်ဆယ်ရေးအဖွဲ့သည် မိတ္ထီလာမြို့တွင် အထိုင်ချပြီး မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ ဒေသခံပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ရမည်းသင်း၊ ဝမ်းတွင်း၊ သာစည်၊ ကူမဲ၊ မြစ်သားစသည့် လိုအပ်မည်ထင်သည့်နေရာများကို ရေတို၊ ရေရှည် လိုအပ်ချက်များ လေ့လာရင်းစွမ်းနိုင်ရာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၃၉၄)



## နတ်မောက်မြို့နယ်၌ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေး

**နတ်မောက် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်နှင့် ကျေးရွာ ၂ ရွာတို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လိုက်လံနှိုးဆော်ခဲ့ရာတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိက မိုးရာသီကာလ၌ မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်ခါတွင် ရေကြီးရေလျှံဖြစ်ပေါ်လာပါက လိုက်နာရမည့်အချက်များ၊ ရေကြီးရေလျှံ မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များကို မြို့ပေါ်ရှိ ဈေးရပ်ကွက်၊ ကန်ကြီးရပ်ကွက်၊ ရန်အောင်မြင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ အင်းကုန်း(တ)ကျေးရွာနှင့် အင်းကုန်း(မ)ကျေးရွာတို့ အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) လှဝင်း(နတ်မောက်)



# တော်သလင်းမိုး ကန်သင်းကျိုး

နွေးထွေး(ပုသိမ်ကြီး)



**'ရွှေမန်းဆို တောင်တော်ဦးက
ကျူးလာတဲ့ မိုးသံငယ်
အုန်းညံ့မြိမ်းကြွေးလေ့။
တာတော်ခွင်ရေဝင်အောင် ရွှေကတွတ်ကို
မင်း လွှတ်ခဲ့လေး'.....။**

ဆန်ရေစပါး ပေါများကြွယ်ဝသည့်ဒေသဟု အမည်ရသည့် 'ပိန္နဲသုကြို'မှသည် ပံသုကျီ ခေါ် ပုသိမ်ကြီးမြို့နယ်သည် မန္တလေးမြို့ မန္တလေး တောင်တော်ကြီးအား ဝိုင်းရံပတ်လည် တည်ရှိပါ သည်။ ဤစာရေးသူက အခြေချနေထိုင်ခဲ့သည်မှာ ဆယ်စုနှစ်သုံးလီ ပြည့်တော့မည်ဖြစ်၍။ ယခုနှစ် လောက် မိုးနည်းပါးသည်ကိုတော့ မတွေ့ကြုံခဲ့ရ ပါချေ။ စိုက်ရေးပျိုးရေး သောက်သုံးရေအတွက် မိုးကိုသာရှုပါစေဟု ဆုတောင်းရပါသည်။

ရွှေမန်းဆိုတောင်တော်ဦးဆီက အုန်းအုန်းညံ့သည့် မိုးသံမကြားရသေးပါ။ 'ဝါခေါင်တစ်ကြောင်း ထနောင်းကြောင်ခြစ် ဆူးရစ်ပွင့်က မိုးမရွာ၊ ရွာ ပါသော်လည်း မိုးမသဲ'ဟူသော စာဆိုနှင့်အညီ သာ ရှိပါတော့သည်။ ဩဂုတ်လ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ရက်များတွင် မိုးများ ဆက်၍ရွာခဲ့သော် လည်း ဆည်မြောင်း၊ ချောင်း၊ ကန်များရေ မပြည့်ခဲ့ပေ။ စိုက်ရေးပျိုးရေးမှာ မိုးရွာမှသာ အဆင်ပြေကြရပါသည်။

တော်သလင်းလ(စက်တင်ဘာ)အတွင်း တောင်သူအကျိုးပြု မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာ မည်။ အနောက်တောင်မုတ်သုံလေသည် တော် သလင်းလဆန်းမှ လပြည့်အတွင်း(စက်တင်ဘာ ၁၅ရက်မှ ၂၀ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်း ဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း မြစ်ဝ ကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာနိုင် ဖွယ်ရှိသည်။ တိုင်းနှင့်ပြည်နယ်များတွင် မိုးထစ် ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ဆန်ရေစပါးပေါများ ကြွယ်ဝစေရန် လယ် ယာစီးပွားဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူ စာရေးသူတို့ တောင်သူလယ်သမားများသည် 'ရွှေကိုမလို၊ ရေကိုသာ လိုပါသည်'ဟုပင် နှိုင်း ယှဉ်တင်စားထားခဲ့ ဆိုခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ မိုးကိုမျှော်ရပါသည်။ မိုးကိုချစ်ရပါသည်။ မိုးရွာ သဖြင့် ပျော်ရွှင်ခဲ့ရ ပျော်ရွှင်ကြပါသည်။ 'အုန်း အုန်း ဂျိမ်း ဂျိမ်း'ဟု ကျယ်လောင်လှသည့် မိုးချိန်း သံကြီးများကို ငယ်ရွယ်စဉ်က အလွန်ကြောက် ခဲ့ကြပါသည်။ လျှပ်စီးများ တစ်ဝင်းဝင်း လင်း လက်သည်ကို မြင်ရ၊ တွေ့ရပါလျှင်မူကား ပြော ဖွယ်ဆိုဖွယ်ရာ မရှိတော့ပါ။ မိုးလေဝသစိုက်ပျိုး ရေရရှိနိုင်မှုမှာ တောင်သူလယ်သမားများဘ အတွက် အရေးပါလှသည်။

တော်သလင်းသည် မြန်မာ့ဆယ့်နှစ်လရာသီ တွင် အဋ္ဌမမြောက်လဖြစ်သည်။ တော်သလင်းဟု ခေါ်ဆိုရခြင်းမှာ 'တော်သလဲ(နှစ်သက်ဝမ်းမြောက် ခြင်း)'ဟူသည့် ပါဠိဝေါဟာရအရ ဤလတွင် ကောက်ပင်များ ထူထောင်ရှင်သန်လာပြီဖြစ်၍ လယ်သမားတို့၏ စိတ်ဘဝင်ကို ကြည်နူးစေသော ကြောင့် ဟုဆိုပါသည်။

တော်သလင်းဟုဆိုရာတွင် 'တော်'မှာ အမြင့် ကောင်းကင်ဖြစ်၍ 'သလင်း'မှာ သာယာ ထွန်းလင်းခြင်းဟုဆိုသည်။ ကောင်းကင်၌ မိုးသား၊ မိုးတိမ်ကင်းစင်သာယာ၍ဟုလည်း ဆိုကြပါသေးသည်။ တော်သလင်းလတွင် နေ့တာ ရှည်၍ ညတာသည် တို၏။

နေ့အချိန်အခါမှာ တော်သလင်းသည် နေပူရှိန် ပြင်းထန်၏။ 'တော်သလင်းနေ ပုစွန်သေ'ဟု ငါးငယ်ပုစွန်ငယ်လေးများ ချောင်းမြောင်းကမ်းစပ် များတွင် သေလောက်အောင် နေပူသည်။ နေပူရှိန် ပြင်းသကဲ့သို့ မိုးရာသီဖြစ်၍ မိုးရွာသွန်းမှုများကြောင်း ကိုလည်း 'တော်သလင်းမိုး ကန်သင်းကျိုး၊ တော် သလင်းတိမ်ညို စားဖိုသည် ဆင်းရဲ မိုးမစဲ၊ တော် သလင်း ဆီးနှင်းတစ်ဖြိုက်၊ မိုးတစ်ဖြိုက်၊ တော် သလင်း မြစ်တွင်း သင်ဖြူးခင်းဟု စာချိုးစာဖွဲ့များ ရှိခဲ့ပေသည်။

တော်သလင်းလတွင် 'ကန်ဆင်းမိုး'သည် ထူးခြားစွာ သည်းသည်းမည်းမည်း ရွာချတတ် သည်။ တနင်္ဂနွေဂြိုဟ်မင်းသည် သိန်(သိမ်)ရာသီမှ ကန်ရာသီသို့ ပြောင်းစင်းသက်ဆင်း၍ 'ကန်ဆင်းမိုး' ခေါ်ဝေါ်ကြောင်းကို 'ထောင်ခြည်ထိန်လင်း၊ တိမ် က ယွင်း၍၊ လျှံဝင်းဖြိုးဖြိုး၊ ကန်ဆင်းမိုးဟု ကြိုးက စွေသန်၊ မေဃဝန်သို့' - - - - ဟု အဘိဂူပကပျို့တွင် ရေးသားထားခဲ့ပါသည်။

ကန်ဆင်းမိုးသည် သင်္ကြန်အတက်နေ့မှ (၁၄၆) လွန်မြောက်သောနေ့တွင် ရွာသွန်းမြဲဖြစ် သည်။ ဇာတိမြေ အညာဒေသမှာ ကန်ဆင်းမိုးရွာ လျှင် ယာတောင်သူများက နှမ်းကြီးကြဲပတ်ကြပါ သည်။

**ရာငါးဆယ့်လေး၊ မဝေးသချာ၊ ပဒုံကြာနှင့် ရင်းမာထုံသင်း၊ တော်သလင်း၌ ကန်ဆင်းခေါ်မြဲ၊ ဖျောက်ဆိပ်လွဲဟု နှမ်းကြဲကာလ ဟူကုန်ကြ၏** - - - ဟု မာန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်၌ စာဖွဲ့ထားရှိခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံစီးပွားမြင့်မား ရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွား ဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်ဟု ဆိုရာတွင် တောင်သူလယ်သမား စိုက် ပျိုးရေးလုပ်ဆောင်သူများဘဝသည်ကား မည်မျှပင် ဝီရိယအားထည့်ပြီး ကြိုးစားပမ်းစားဆောင်ရွက် လင့်စေကာမူ မိုးရေ၊ ဆည်ရေ၊ ချောင်းရေ၊ မြောင်း ရေ မရရှိပါလျှင် အချည်းနှီးသာဖြစ်ရချေသည်။ ရှေးက လူကြီးသူမများ ပြောကြပါသည်။

'ဒို့လူတွေ ဘယ်လောက် လုပ်လုပ် မိုးလုပ်မှ ရတာတဲ့' - - -။

ထို့ကြောင့် မိုးကို တန်ဖိုးထားကြရသည်။ မိုးနှင့်ပတ်သက်သမျှ တောင်သူလယ်သမားများဘ တွင် လေ့လာမှတ်သားကြသည်။ လက်ဆင့်ကမ်း ပညာပေးကြသည်။ အချို့သော ရဟန်းပညာရှိ လူပညာရှိတို့သည် စာပေဖြင့်လည်းကောင်း၊ နှုတ် တိုက်အလွတ်နည်းဖြင့်လည်းကောင်း၊ ကဗျာ၊ လင်္ကာ၊ သံပေါက်၊ လေးချိုး၊ ဒွေးချိုးစသည်ဖြင့် မိုးလေဝသအကြောင်းများကို ဖွဲ့ဆိုထားခဲ့ကြသည်။

**မိုးရွာပုံ ရွာနည်း**

(၁) မိုးစနေ လေရာဟု။ ။ မိုးတိမ်များ သည် စနေထောင့်(အနောက်တောင်အရပ်)မှ တက် လာမှသာ မိုးနှုန်းနှုန်းနပ်နပ်ရွာလေ့ရှိသည်။ လေပြင်း သည်လည်း ရာဟုထောင့်(အနောက်မြောက် အရပ်)မှ စတင်တိုက်ခတ်လေ့ရှိသည်။

(၂) တောင်ကလာမှမိုး၊ ဒေါင်ဒေါင်မြည်မှ အိုး၊ သုံးလွှန်းတင်မှကြိုး။ ။ နှုန်းနပ်စွာရွာမည့် မိုးသည် တောင်အရပ်မှလာသည်။ မြေအိုးသည် လက်ဖြင့် တီးခေါက်ကြည့်သောအခါ ဒေါင် ဒေါင် ဟူသော မီးကျက်သည့်အသံမြည်မှသာ အိုးကောင်း ၏။ ကြိုးမှာ သုံးလွှန်းတင်ကျစ်မှ ခိုင်ခံ့သည်။

(၃) မိုးနှင့် နွားသိုးဗေဒင်မဟောနှင့်။ ။ မိုးသားတိမ်တိုက်များ မည်းမှောင်ပြီး အုံ့ကဆိုင်း သော်လည်း မိုးကား မရွာဘဲ လေလွင့်သွားတတ် ၏။ မိုးသားတိမ်တိုက်နည်းသော်လည်း မိုးသည် ရွာတတ် ပြန်လေ၏။ အလားတူပင် နွားသိုးသည် လည်း အနားကပ်သွားပါလျက် ခွေ့လိုက ခွေ့၊ ကန်လိုက ကန်တတ်သည်။ အတိအကျ ခန့်မှန်း ရန် ခက်ခဲသည်။

အထက်ပါ အဆိုများနည်းတူ တိမ်တော၊ လေ တစ်၊ လျှပ်စစ် ပဋ္ဌော၊ သံတယော၊ ရာသီ မသိ ပန်းနှင့်ညို၊ တိရစ္ဆာန်ကပြော ရာသီသဘော၊ မိုးဟော အမှန် ဖတ်ကြရန်၊ စောင်းဆရာ၊ ယားနာနှင့်ပွေး၊ ပါဒရက်ပရွက်၊ ပလူနှင့်ဖား၊ အနည်ကျရှစ်မျိုး၊ မိုး ဟောအမှန်မှတ်ပါတော့။ သိပ္ပံကို တိရစ္ဆာန်တောင် တက်ကြတယ်။ မှတ်ကြ ဟိုးရှေး - - - တည်း ဟူသော 'မိုး'၏ သဘောများ ကျယ်ပြန့်စွာရှိပါ သည်။

**မိုးကြီးရွာရက် သတ်မှတ်ချက်**

- အတာဆန်းတဲ့ နောက်တစ်ရက် ရေတွက် အစစွာ(နှစ်ဆန်းတစ်ရက်နေ့မှစ၍ ရေတွက်ပါ)။
- ဗျည်းစာလီခေါ်ရက်မြတ်သော် ကြယ်ပေါ် ကြတ္တိကာ (၄၅ ရက်မြောက်နေ့မှ ကြတ္တိကာ ကြယ်ပေါ်သော မိုးရွာမည်)
- တစ်ရာကျူးမြောက် လေးဆယ့်ခြောက် ဖျောက်ဆိပ်မှန်းတည့်ကာ (၁၄၆ ရက်မြောက်နေ့ မှ ဖျောက်ဆိပ်ကြယ် မှန်းတည့်မိုးရွာမည်)။
- ထို့နောက် ဆင့်ပွား လေးဆယ့်ငါးရက် ရသောအခါ သရဏ်မှန်းတည့် မှန်ပေ၏။ ရှုကြည့် မိုးပေါ်မှာ (၁၄၆ရက်+၄၅ရက်=၁၉၁ ရက်မြောက် နေ့မှာ သရဏ်ကြယ်မှန်းတည့် မိုးရွာမည်၊ ပျိုးကြဲ ကောက်စိုက်ကောက်သား၌ မှတ်ပိုက်နောက် အတာ။)

**ဆယ့်နှစ်ရာသီမိုး**

'တန်ခူးမည်မုတ်၊ ဖက်ဆွတ်ရေတိုး သင်္ကြန် မိုး'၊ 'ကဆုန်အတွင်းမြေသင်းပျံ့ပျံ့ မိုးနံ့နံ့'၊ 'နယုန် မိုးသေး မြက်သားမွေး'၊ 'ဝါဆိုလပြောင်း၊ မိချောင်း ဖွေးဖွေးမိုးအေးအေး'၊ 'ဝါခေါင်တစ်ကြောင်း ထနောင်းကြောင်ခြစ် ဆူးရစ်ပွင့်က မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း'၊ 'တော်သလင်း တိမ်ညို စားဖိုသည်ဆင်းရဲ မိုးမစဲ'၊ 'သီတင်း ကျွတ်တွင် ပလ္လင်ဆေးမိုးရွာသွန်းဖြိုး'၊ 'တန် ဆောင်မုန်းတွင် ဆီးနှင်းတစ်ဖြိုက် မိုးတလိုက်'၊ 'နတ်တော်ရောက်ငြား မိုးသားမငြိမ် ဆင်ရာ တိမ်'၊ 'ပြာသိုချမ်းငြင်း ဆီးနှင်းရေယုက် နှမ်းပုံပျက်'၊ တပို့တွဲ နွှဲ၍ ရွာခြင်း သန်မိုးကြွင်း'၊ 'တပေါင်းလည်းကူး မိုးသားကြူး'။

**မိုးရေချိန် ခန့်မှန်းချက်**

အညာဒေသမှ တောင်သူများသည် မိုးရေချိန် ကို လက်မ၊ မီလီမီတာတို့ဖြင့် အတိအကျ မတိုင်း တာနိုင်ကြပေ။ လက်တွေ့ဘဝဖြင့် မှတ်သားတိုင်း တာပြောဆိုကြသည်။ 'ပုဆိုးတစွတ် ရွာသည်၊ ထွန်သွားလွတ် မိုးရွာသည်၊ ကွမ်းတစ်ယာညက် ခန့် မိုးရွာသည်၊ ရေတစ်အိုး၊ မိုးတစ်ပေါက်'ဟု ဖြစ်သည်။ ထိုအခြေအနေများတွင် မိုးရေရရှိမှုကို ခန့်မှန်းပြီး စိုက်ကြပျိုးကြပါသည်။

'မိုး'သည်ကား ဗုဒ္ဓဘာသာဝင်တို့အတွက် ဝိသေသထူးပင်ဖြစ်သည်။ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ မိုးလရာသီများမှာ ဝါတွင်း သုံးလဖြစ်သည်။ မိုးကောင်းတုန်း ရေခံ၊ မိုးရွာမှ ပျိုးလှန်၊ မိုးမှန်မှ ပျိုးသန်သောကြောင့် လူအများ ဝမ်းသာကြသည်။ မိုးကျမှ ပျိုးစ၊ ပျိုးစ မှ လယ်မြေလုပမည်။ မြန်မာပြည်ကြီး ဝမ်းစာ ပြည့်ရေးကား မိုးသည် အဓိကဖြစ်သည်။ မိုး နည်းပါးသောကြောင့် စက်ရေတွင်းများပင် ရေ ပေါပေါ မထွက်ကြပေ။ ထို့ကြောင့် တော်သလင်း (စက်တင်ဘာ)လအတွင်းမှာ လယ်ကန်သင်းရိုးများ ကျိုးပေါက်နိုင်သည်အထိ ရွှေမိုး၊ ငွေမိုးများ တဝေါဝေါ၊ တဖျောဖျောနှင့် မိုးခြိမ်းသံများ တစ်ဝုန်းဝုန်း၊ လျှပ်စစ်မီးများ တစ်ဝင်းဝင်း၊ တစ် လက်လက်ဖြင့် ရွာစေချင်ပါသည်။ 'တော်သလင်း ကန်သင်းရိုး ကျိုးအောင်ရွာပါ ကိုရွှေမိုး'ဟု ညွှန်းဖွဲ့ပါရစေတော့။ 'နတ်ချောင်းရေယဉ်၊ မြ ကွင်းပြင်ကား၊ ကောက်ပင်စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့ နှင့်၊ တာဖွဲ့ကျယ်ဝန်း၊ လယ်မြေခင်းလည်း၊ နတ် မင်းရချို့ ဖန်ဆီသို့ပင်'ဟု နတ်မင်းတို့ ဖန်ဆင်း ထားသလိုပင် မြရောင်လဲ့လဲ့ကောက်ပင်တို့ ယိမ်း ကနေဟန်ကို စာဆို ဦးပုညက ဖွဲ့နွဲ့ခဲ့ပေသည်။ တိုင်းပြည်၏ အသက်ကား ဆန်စပါး၊ ကောက်ပဲ သီးနှံများဖြစ်၍ မိုးနှင့်အတူ တို့မြေသည် စိမ်းစို သာယာပါစေသတည်း။ ဆည်၊ မြောင်း၊ ချောင်း၊ ကန်များသည်လည်း ရေပြည့်ရေလျှံ ပေါများကြ ပါစေသတည်း။

**ရတနာနဒီရိုးက၊ ရွှေမိုးငယ် ဟန်ဆင်တယ်
ရွာချင်ထင့်လေး။
ကိုးနယ်ပိုင်ရှင်ရွှေထွန်းနိုင်တဲ့ သည်ခါတွင်းမှာ
လင်းပါမှလေး - - - ။ ။**

# ပုဂံ ကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းပုဂံခေတ်ရေကန်များအတွင်းသို့ ရေများ စတင်ဝင်ရောက်



**ညောင်ဦး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကမ္ဘာ့အမွေအနှစ်ဒေသ ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းပုဂံခေတ်ရေကန်များ ပြန်လည်ဖော်ထုတ်ဆယ်ယူလျက်ရှိရာ စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီက ရွာသွန်းသည့်မိုးဖြင့် ရေကန်များအတွင်း ရေများ စတင်ဝင်ရောက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ တာဝန်ရှိသူများထံက သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းပုဂံခေတ်ရေကန်များ ပြန်လည်ဖော်ထုတ်ပြုပြင်ကန်ဆယ်ခဲ့ရာ အလှူရှင်များလှူဒါန်းမှုဖြင့် ပြန်လည်ဆယ်ယူခြင်းနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ တာဝန်ယူ ပြန်လည်ဖော်ထုတ်၍ ရှေးဟောင်းရေကန်များဆယ်ယူခဲ့ရာ ရွှေထီးကန်၊ ဆွေတော်မျိုးတော်ကန်၊ ပျားကြီးစွဲကန်၊ သဲစစ်ကန် (ခေါ်) မင်းနန်းသူကန်၊ ဆုတောင်းပြည့်ရေစုကန်၊ ဘားလည်သီးကန်၊ ဆုတောင်းပြည့်ကန် (ခေါ်) အေးသာယာကန်၊ ဆုတောင်းပြည့်ကန် (ခေါ်) အုတ်ကန်၊ နန္ဒာကန်၊ ခရေလောကန်၊ အာမနာကန်၊ ရေတော်မုနိကန်၊ ရွာဟောင်းကြီးကန်၊ ဇယဝေရီကန်၊ မင်္ဂလာကန်-၃၊ ညောင်လက်ဖက်ကန်၊ ကန်သစ်ကန်၊ မရိုးကန်၊ အလံပြကန်၊ ဘုန်းစဉ်ကန်၊ အောက်ချောက်ကန်၊ တက်သိမ်းကန်၊ မြောက်တစ်ဝက်ကန်၊ ဖိုးသူတော်ကန်၊ ဖျောက်ဆိပ်ပင် ကန်-၁၊ ဖျောက်ဆိပ်ပင်ကန်-၂၊ ဖျောက်ဆိပ်ပင်ကန်-၃၊ ကိုမောက်ကန်၊ ကန်သစ်ကြီးကန်၊ သူဌေးကန်၊ ကျောက်အိုးကန်၊ တစ်ပင်ကန်၊ သမ္ဗူလကန်၊ ကုသိနာရုံကန်နှင့် မင်္ဂလာကန်-၂ တို့တွင် မိုးရေ စတင်ဝင်ရောက်လျက်ရှိသည်။

ပုဂံခေတ်ရှေးဟောင်းရေကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ ရေစီးလမ်းကြောင်းများနှင့် မိုးရွာသွန်းမှုအခြေအနေများအား သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်းကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၁)**

# အိမ်သုံးမီတာနှင့် ပါဝါမီတာများလျှောက်ထားနိုင် အမြန်တပ်ဆင်ပေးနေကြောင်း အသိပေးကြေညာ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အိမ်သုံးမီတာနှင့်ပါဝါမီတာများ အလုံအလောက်ရှိနေပြီဖြစ်သဖြင့် လျှပ်စစ်မီးသုံးစွဲလိုသူများ သက်ဆိုင်ရာမြို့နယ် မန်နေဂျာရုံးများတွင် ကာယကံရှင်၏ ကိုယ်ရေးလျှောက်လွှာ(လိပ်စာ၊ ဖုန်းနံပါတ် အပါအဝင်)၊ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းနှင့်မိတ္တူမြေပိုင်ဆိုင်မှုအထောက်အထား၊ နေအိမ်ပုံစံ ဓာတ်ပုံတို့နှင့်အတူ လျှောက်ထားနိုင်သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ နေအိမ် ရှိ၊မရှိ၊နေအိမ်နှင့် ဓာတ်အားလိုင်းအကွာအဝေး ပေ ၃၀၀အတွင်း ရှိ၊ မရှိ၊ ၂၃၀ဗို့ ဓာတ်အားလိုင်း ရှိ၊ မရှိ လျှောက်ထားသူ၏နေအိမ်သို့ ဓာတ်အားလိုင်း ဖြန့်ဖြူးပေးမည့် ထရန်ဖော်မာ၏ ဝန်အားနိုင်နင်းမှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက မြို့နယ်လျှပ်စစ်မန်နေဂျာက မီတာတပ်ဆင်ခွင့်ပြုမိန့် ထုတ်ပေးသည်။

မီတာတပ်ဆင်ခွင့် ရပါက ဘဏ္ဍာရေးဌာနတွင် အိမ်သုံးမီတာအတွက် မီတာသတ်မှတ်ကြေးငွေကျပ် ၁၅၀၀၀၀၊ မီတာပုံးခွန်ဖိုး ငွေကျပ် ၄၀၀၀၀၊ဘရေကာဖိုးငွေကျပ် ၁၀၀၀၀၊ ကြိုးသွယ်ခ ငွေကျပ် ၁၀၀၀၀၊ မီးဆက်ခ ငွေကျပ် ၅၀၀၀၊ ကြီးကြပ်ခ ငွေကျပ် ၁၀၀၀၀၊ မီတာလျှောက်လွှာ မှတ်ပုံတင်ကြေး ငွေကျပ် ၁၀၀၀၀၊ အာမခံစပေါ်ငွေကျပ် ၁၅၀၀၀၊ စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ပေးသွင်းပြီး အိမ်တွင်းဝါယာရင်းနှင့် ဆားဗစ်ကြိုးသွယ်တန်းခြင်း ၂ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်၍ မြို့နယ်ရုံးမှ မီတာအမြန်ဆုံးလာရောက်တပ်ဆင်ပေးကြောင်း၊ ပါဝါမီတာလျှောက်ထားခြင်းအတွက် သုံးစွဲသည့် ဝန်အားပေါ် မူတည်ပြီး ကုန်ကျစရိတ်ကွာခြားနိုင်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက အသိပေးကြေညာထားကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

**(၀၄၅)**



*-*-*-*-*

*-*-*-*-*-*

သန့်ရှင်းသာယာ မန္တလာ

ပိုင်းဝန်း ထိန်းသိမ်းပါ။

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကြံ့ခိုင်စွမ်းရည်(၅)မျိုး စစ်ဆေး၊ သက်တန်းလိုက် ဆုများချီးမြှင့်

**မန္တလေး စက်တင်ဘာ ၁၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည် ၅မျိုး စစ်ဆေးခြင်းမှ သက်တမ်းအလိုက်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခြင်းကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၁နာရီက စားရိပ်သာတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး သက်တန်းလိုက် ပထမ၊ဒုတိယ၊တတိယ ရရှိသည့် သင်တန်းသား၊သင်တန်းသူများကို ဆုများချီးမြှင့်ခဲ့သည်။

ဆက်လက်၍ သင်တန်းမှူး၊ ဒုတိယသင်တန်းမှူး၊ အိပ်ဆောင်အလိုက် အကောင်းဆုံးအမျိုးသား၊ အမျိုးသမီး အိပ်ဆောင်မှူးတို့အား ကျောင်းအုပ်ကြီး၊ဒုတိယကျောင်းအုပ်ကြီးတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ ခု၊ ငွေ ၄၇ ခု၊ ကြေး ၈၀ ခု စုစုပေါင်း ဆုတံဆိပ် ၁၆၀ ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။**(၀၄၅)**

# စီရော်နယ်လ်ဒို Follower တစ်ဘီလီယံပြည့်မြောက်ခြင်းနှင့်အတူ ဂိုး ၁၀၀၀ အတွက် အိပ်မက်ရှည်ခရီး

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ဆိုရှယ်လ်မီဒီယာတွင် Follower တစ်ဘီလီယံပြည့်မြောက်သည့် ပထမဆုံး ပုဂ္ဂိုလ်ဖြစ်လာခဲ့သလို၊ ၎င်း၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် ဂိုး ၁၀၀၀ ပြည့်ရန် အိပ်မက်ရှည်ခရီးအတွက်လည်း ဆက်လက်ကြိုးစား သွားရဦးမည်ဖြစ်သည်။

အသက်(၃၉)နှစ်အရွယ် တိုက်စစ်မှူးသည် Instagram၊ X၊ YouTube၊ Facebook စသည့် အားလုံးပေါင်းတွင် Follower တစ်ဘီလီယံပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူးဟာ ဘောလုံးလောကတွင်သာမက ဆိုရှယ်လ်မီဒီယာအထက်မှာလည်း အခြားဘောလုံးသမားများထက်ပိုမိုပြီး အောင်မြင်မှုများ ရယူထားနိုင်သူဖြစ်သည်။

စီရော်နယ်လ်ဒိုက ၎င်း၏ ရုပ်ပုံများစွာနဲ့ တစ်ဘီလီယံကို ရည်ညွှန်းပြီး 1B ဆိုသည့် ပုံအား ဖော်ပြခဲ့သလို၊ ပုံ၏ အောက်တွင်လည်း ABILLIONDREAMS, ONE JOURNEY (အိပ်မက်ပေါင်းတစ်ဘီလီယံ၊ ခရီးစဉ်တစ်ခု)လို့လည်း ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပြီးခဲ့သည့် လပိုင်းမှစတင်ကာ YouTube Channel အား ဖွင့်လှစ်ခဲ့ပြီး မိနစ် ၉၀ အတွင်း Subscriber တစ်သန်းကျော် ရရှိသည့် စံချိန်မှတ်တမ်းကိုလည်း ရယူပိုင်ဆိုင်နိုင်ခဲ့သလို၊ ၁၂နာရီအတွင်းမှာလည်း Subscriber ၁၀သန်း ပြည့်နိုင်ခဲ့သည်။

ဒါ့အပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုဟာ ၎င်း၏ ပထမဆုံးသော သွင်းဂိုးကို ၂၀၀၂ခုနှစ်မှ စတင်ကာ သွင်းယူနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ ဂိုး ၁၀၀ပြည့် သွင်းယူနိုင်ခဲ့သည်။၂၀၁၅မှာ ဂိုး ၅၀၀ပြည့်မြောက်ခဲ့သလို ၂၀၂၁မှာ ဂိုး ၈၀၀ပြည့်ကာ ယခု ၂၀၂၄မှာ ဂိုး ၉၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။ တိုက်စစ်မှူးအနေဖြင့် ဂိုး ၈၀၀ကနေ ဂိုး ၉၀၀ ပြည့်ဖို့ သုံးနှစ်လောက်အထိ အချိန်ယူခဲ့ရခြင်းကြောင့် ဂိုး၁၀၀၀ ပြည့်မြောက်ရန်လည်း ယခုထက်မက အချိန်ယူရနိုင်ပါသေးသည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝတစ်လျှောက်တွင် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်ကလပ်အသင်းများတွင် ပွဲပေါင်း ၁၂၃၉ ပွဲ ကစားကာ ဂိုးပေါင်း ၉၀၁ ဂိုးထိလည်း သွင်းယူထားသလို ဂိုး ၁၀၀၀ ထိ သွင်းယူသွားရန်လည်း ရည်မှန်းထားဆဲဖြစ်သည်။ ၎င်းက အသက် ၄၁နှစ်လောက်မှာ ဂိုး ၁၀၀၀ ပြည့်ဖို့ ရည်မှန်းချက်ပြည့်ရန် မျှော်လင့်ထားသလို၊ ဘောလုံးကစားသမားဘဝကိုလည်း ၂၀၂၆ ကမ္ဘာ့ဖလားပြီးဆုံးမှသာအနားယူရန် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ တကယ်လို့ စီရော်နယ်လ်ဒိုသာ ဘောလုံးကစားသမား ဘဝအနားယူသွားခဲ့လျှင် ပေါ်တူဂီလက်ရွေးစင် အသင်းအတွက်တော့ အကြီးမားဆုံး ဆုံးရှုံးမှုတစ်ခုဖြစ်လာဦးမည် ဖြစ်သည်။ ပေါ်တူဂီမျိုးဆက်မှာ တိုက်စစ်မှူး စီရော်နယ်လ်ဒိုလိုမျိုး ရည်မှန်းချက်ကြီးမားပြီး လေ့ကျင့်မှုအားကောင်းတဲ့ ကစားသမားမျိုးထပ်ပေါ်ထွက်နိုင်ဖို့ဆိုတာ လွန်စွာခက်ခဲလွန်းသွားခဲ့ပါပြီ။ သူ မနားသရွေ့တော့ ပေါ်တူဂီတစ်မျိုးသားလုံးသာမက၊ ကမ္ဘာပေါ်ရှိ သူ့ကိုအားပေးတဲ့ပရိသတ်တွေကတော့ မဆုတ်မနစ် အစဉ်အမြဲ အားပေးနေမယ်ဆိုတာ ယခု Follower တစ်ဘီလီယံပြည့်မြောက်သည့် မှတ်တမ်းက သက်သေတစ်ခုပဲ ဖြစ်ပါသည်။

ဒါကြောင့် စီရော်နယ်လ်ဒိုအနေဖြင့် ၎င်း၏ နောက်ဆုံး ရည်မှန်းချက်တစ်ခုဖြစ်သည့် ဂိုး ၁၀၀၀ပြည့်ရန် အိပ်မက်ခရီးအား ကစားသမားဘဝမှ အနားမယူခင် ဖြည့်ဆည်းသွားနိုင်မည်လား ဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**နိုင်ကမ္ဘာ**



# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲပြုလုပ်

**အမရပူရ စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာအုပ်စု ဖျောက်ဆိတ်ကုန်းကျေးရွာ မီးသတ်မွှာရုံ၌ ယမန်နေ့ နံနက် ၁၁နာရီက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

(အောက်ပုံ)



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ် ဦးစီးမှူးရုံး၊ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက လာမည့် ၂၀၂၄ခုနှစ်အောက်တိုဘာ ၁ ရက်မှ ၁၅ရက်ထိ ကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်ရည်ရွယ်ပြီး ယခုလို ဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းပြောကြားသည်။ ဟောပြောပွဲအပြီးတွင် ပြည်သူများလေ့လာနိုင်စေရန် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များ၊ Wall Sheep ပိုစတာများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါ ဦးထုပ်နှင့် တီရှပ်အင်္ကျီများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း ဦးစီးအရာရှိထံမှ သိရသည်။

(ဝ၈၄)



# မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ လက်ဝှေ့ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ လက်ဝှေ့ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၁နာရီက မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အားကစားကွင်းအတွင်းရှိ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ လက်ဝှေ့ဆပ်ကော်မတီရုံးခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အထက်မြန်မာပြည် ဥက္ကဋ္ဌဦးသန့်ကိုဝင်းက မြန်မာ့ရိုးရာ လက်ဝှေ့တိုးတက်ရေးအတွက် လုပ်ဆောင်နေသည့် မန္တလေးတိုင်းရိုးရာ လက်ဝှေ့ ဆပ်ကော်မတီအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဆက်လက်၍ ပွဲများ ကျင်းပနိုင်ရေး မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကစားသမားပေါ်ထွက်ရေး ရိုးရာလက်ဝှေ့ တိုးတက်မြင့်မားရေးတို့ကို အရှိန်မပြတ် ဆက်လက်လုပ်ဆောင်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာ လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးမောင်မောင်စိုးကလည်း လက်ဝှေ့ပွဲများ စဉ်ဆက်မပြတ် ကျင်းပနိုင်ရေး ရိုးရာလက်ဝှေ့ကစားသမား မျိုးဆက်သစ် ဖော်ထုတ်ရေးပွဲများ ကျင်းပနိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီအတွင်းရေးမှူး ဦးဒဿက မန္တလေးတိုင်း ရိုးရာလက်ဝှေ့ဆပ်ကော်မတီ၏ လုပ်ဆောင်နေမှုများကို ရှင်းလင်းပြောကြားသည်။

လက်ဝှေ့ကျော် ကျားသစ်ဦးရဲအောင်က တိုင်းရုံးခန်းနှင့် ပတ်သက်၍ လုပ်ဆောင်ထားမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီတွင် လစ်လပ်လျက်ရှိသည့်ဒုတိယ ဥက္ကဋ္ဌနေရာအား ဦးမင်းသိန်းထွဋ်ကို တာဝန်ပေးခန့်အပ်ရာ တက်ရောက်လာသူအားလုံးက သဘောတူသဖြင့် ဦးမင်းသိန်းထွဋ်အား ဒုတိယဥက္ကဋ္ဌအဖြစ် အတည်ပြုသည်။

ဆက်လက်၍ စက်တင်ဘာ ၂၉ရက်တွင် မန္တလာသီရိ လက်ဝှေ့ရုံတွင် မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပွဲ ကျင်းပရန် ဆွေးနွေးဆုံးဖြတ်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အထက်မြန်မာပြည်ဥက္ကဋ္ဌ ဦးသန့်ကိုဝင်း မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌနှင့် ဆပ်ကော်မတီဝင်များ၊ ဒိုင်များ၊ လက်ဝှေ့ကလပ်နည်းပြများ ကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅ဝ)

# ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို စက်တင်ဘာ ၁၂ ရက်၊ မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲ Talk show တွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီနှင့်အတူ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းနိုင်က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်၊ ကမ္ဘာ့ အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံ၊ အိုဇုန်းလွှာပျက်စီးလာပုံ၊ အိုဇုန်းလွှာ ထိန်းသိမ်းရန်လိုအပ်ပုံ စသည်တို့ကို ပါဝင် ဆွေးနွေးထားကြောင်း သိရသည်။

(အောက်ပုံ)(ဝ၉၃)

**လျှပ်စစ်သုံးလျှင် သတိယှဉ်၊ ဝန်အားမမျှ မသုံးရ။**




# ကျားမရေးရာ အခြေခံသဘောတရားများ အသိပညာပေး

**မင်းဘူး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် လူမှုဝန်ထမ်းရုံးက ကျား၊မရေးရာ အခြေခံသဘောတရားများ Gender, CEDAW, NSPAW, UNSCR 1325 အသိပညာပေးခြင်း အစီအစဉ်ကို စက်တင်ဘာ ၁၂ ရက်၊ နံနက် ၁၀ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေး အစီအစဉ်တွင် မင်းဘူးခရိုင် လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်ခင်ဖြူဝင်းက ခရိုင်အတွင်း၌ ကျား၊မရေးရာကဏ္ဍများ၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးသမီးအကြမ်းဖက်မှု ကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းများနှင့်အမျိုးသမီးကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ အခွင့်အရေးများ၊ အမျိုးသမီးလုပ်ငန်းဆောင်ရွက်ချက် အခန်းကဏ္ဍများအား သိရှိနားလည်စေရန်နှင့် အမျိုးသမီးအကြမ်းဖက်ခံရမှုများရှိပါက ကူညီဖြေရှင်းပေးနိုင်မည့်အဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများ၊ ကျား၊မတန်းတူညီမျှမှုများ၊ အမျိုးသမီးလုပ်ငန်း ဆောင်ရွက်ချက်များအား ပိုမိုသိရှိနားလည်စေပြီး အမျိုးသမီးကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်မှု ပိုမို အားကောင်းလာနိုင်မည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ခရိုင်လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူးက ကျား၊မရေးရာ (Gender)၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားပပျောက်မှုဆိုင်ရာများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆွေးနွေးကာ အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် အမျိုးသမီးအဖွဲ့အစည်းများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီးနောက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထုတ်ဝေသော ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှု အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၅ဝဝ)





# မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ မန္တလေးတက္ကသိုလ်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စများ စဉ်ဆက်မပြတ် ထောက်ပံ့လျက်ရှိသည်။ ဘာသာရပ် အသီးသီးမှ တင်ပြလာသည့် ဆရာ၊ ဆရာမကြီးများအား အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်က နာမကျန်းဖြစ်နေသည့် ဆရာကြီး ဦးကျော်သိန်း(ရူပဗေဒ)နှင့် ပထဝီဝင်ဌာနမှ ဆရာမကြီး(ငြိမ်း)ဒေါ်သန်းတင်တို့အား ကျန်းမာရေးစောင့်ရှောက်မှု ကော်မတီနာယက ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးပိုမြင့်နှင့် အဖွဲ့ဝင်များက နေအိမ်များသို့ သွားရောက်၍ ကျန်းမာရေး စောင့်ရှောက်မှုဂါရဝပြုငွေကျပ် သုံးသိန်းစီ ပေးအပ်၍ ကျန်းမာရေး မေးမြန်းအားပေးစကားများ ပြောကြားကြသည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ အနေဖြင့် အဖွဲ့တည်ထောင်သည့် ရက်မှစပြီး ၂၀၂၄ခု စက်တင်ဘာ ၁၅ ရက်အထိ နာမကျန်းဖြစ်သော ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၃၁၂ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုဂါရဝပြု ငွေကျပ် ၅၂၃ သိန်း ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ဝ၄၅)

## မြတ်စွယ်တော် ဗုဒ္ဓဥယျာဉ်တော်သို့ ကျောက်ရေကန်များ လှူဒါန်းကုသိုလ်ယူ

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေး တောင်စလင်း တိုက်သစ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် မန္တလေး နန္ဒဝန် ဗုဒ္ဓဥယျာဉ်တော်တွင် စိုက်ပျိုးထားသည့် အပင်များ ရေအလွယ်တကူလောင်းနိုင်စေရန် ကျောက်ရေကန်တစ်ကန်လျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။

မန္တလေးနေ ဦးခင်မောင်ဝင်း+ဒေါ်လှလှမြင့် မိသားစု (နတ်မြင်းပျံ ပုံနှိပ်တိုက်)တို့က ရေကန်တစ်ကန်၊ ဒေါ်သူဇာဝင်း(သမီး) မမြပုလဲဇာဇာမင်း မိသားတစ်စုက ရေကန်တစ်ကန်၊ ဦးကျော်မောင်ဝင်း+ဒေါ်ဇင်ဇင်ထွန်း၊ (သား)မောင်ကျော်ခန့်ဟိန်း၊ (သမီး)မခင်ဝင်းဟန်(နတ်မြင်းပျံ ပုံနှိပ်တိုက်)တို့က ရေကန်တစ်ကန်၊ ဦးမောင်မောင်စိုး+ဒေါ်စိန်မေဝင်း၊ (သမီး)အေးချမ်းဆု၊ (သား)ဝင်းခန့်ပိုင်(မြဇမ္ဗူဆန်ခေါက်ဆွဲ)မိသားစုက ရေကန်တစ်ကန်၊ ဦးသန့်ဇင်ဝင်း+ဒေါ်နှင်းနွယ်စိုး၊ (သား)မောင်သန့်ခန့်စိုး၊ စိုးဇေယျာရဲရင့်ဝင်း၊ (သမီး) ဝင်းလဲ့နှင်းနန္ဒာအောင်(နတ်မြင်းပျံ) မိသားစုက ရေကန်တစ်ကန်၊ ဦးကျော်ကျော်+ဒေါ်သင်းကြွယ် မိသားစုက ရေကန်တစ်ကန်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ဦးချစ်ဆွေ မိသားစုက ရေကန်တစ်ကန်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်မြလေး မိသားစုက ရေကန်တစ်ကန်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးထွန်းရွှေ+ဒေါ်လှလှတို့အား ရည်စူး၍ ဦးခင်မောင်ကျော်(သ.တ.က.ဥ)+ဒေါ်အေးရွှေ(ကျောင်းအုပ်ငြိမ်း)၊ (သမီး) မစိုးစိုး၊ (သား)မောင်အောင်ကျော်မိုး၊ မောင်ထွန်းအောင်ကျော် မိသားစုက ရေကန်သုံးကန် ယမန်နေ့က အသီးသီး လှူဒါန်းကုသိုလ်ပြုကြရာ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီး ပေးအပ်ကြောင်း သိရသည်။

(ဝဲပုံ)(ကဆ)





# ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား ငွေကြေးနှင့်ရိက္ခာ ထောက်ပံ့ပေးအပ်

**ပျော်ဘွယ် စက်တင်ဘာ ၁၅**

ပျော်ဘွယ်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား ငွေကြေးနှင့်ရိက္ခာ ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၄ရက် မွန်းလွဲ ၂ နာရီခွဲက ရွှေပြည်ရန်နိုင်ရပ်ကွက်၊ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ ဦးလွင်က မိမိတို့မြို့နယ်အနေဖြင့် ရေဘေးဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးခဲ့မှုအခြေအနေများ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ ထောက်ပံ့ပေးမည့် အခြေအနေများ၊ မြို့နယ်အစီအစဉ်ဖြင့် ထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ရေဘေးသင့်ပြည်သူ ၂၄၈၀ ဦး၊ ရေဖြင့်မျောပါသွားသည့် အိမ်ထောင်စု ၂၀ စုနှင့် ရေမျောပါ၍ သေဆုံးသူ ၉ ဦးတို့အတွက် စုစုပေါင်း ငွေကျပ် ၁၀၁၆၂၁၀၀၊ ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးပါ ပစ္စည်းပုံးနှစ်ပုံးတို့အား မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌက ပေးအပ်ရာ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ရေဘေးရှောင်ပြည်သူများက လက်ခံရယူခဲ့ကြသည်။

ပျော်ဘွယ်မြို့နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် ရေဘေးရှောင်စခန်း ၁၄ ခု ဖွင့်လှစ်ထားရှိပြီး လူမှုရေးအသင်းအဖွဲ့များ၊ တစ်ပိုင်တစ်နိုင်အလှူရှင်များကလည်း ထမင်းနှင့်ဟင်း၊ ဆန်၊ ဆီနှင့်မီးဖိုချောင်သုံးပစ္စည်းများ၊ သောက်ရေသန့်နှင့် ရိက္ခာခြောက်များကို ကိုယ်တိုင် သွားရောက် လှူဒါန်းသူများလည်းရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

(အပေါ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

သင့် သွေးဖြင့်
အသက်ကယ်ပါ။

# သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မင်းဘူး စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့နေ့လယ် ၂ နာရီက မင်းဘူးမြို့၊ စကုမြို့နှင့် ကျေးရွာ (၂)ရွာတို့ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ လိုက်လံနှိုးဆော် ဆောင်ရွက်ရာတွင် မင်းဘူးမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက မိုးရာသီကာလ၌ မိုးသည်းထန်စွာ ရွာသွန်းသည့်အချိန်ခါတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက လိုက်နာရမည့်အချက်များ၊ ရေကြီးရေလျှံမှုမဖြစ်ပွားမီ ကြိုတင်ပြင်ဆင်ရမည့်အချက်များ၊ မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို မြို့ပေါ်ရပ်ကွက်များနှင့် စကုမြို့အပြင် ကျောက်တန်းကျေးရွာ၊ ရေတွင်းကုန်းကျေးရွာများသို့လည်း လိုက်လံနှိုးဆော်ခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅ဝ၄)

# လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း(ခရိုင်အဆင့်) နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**အောင်လံ စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (အောင်လံခရိုင်အဆင့်) နည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အောင်လံမြို့ ခရိုင်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် အောင်လံခရိုင်၊ သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယဗိုလ်မှူးကြီး မျိုးကျော်အောင်က အဖွင့်အမှာစကား ပြောကြားရာတွင် အဖွဲ့အစည်းများတွင် မေးမြန်းရမည့် အချက်အလက်များ၊ CAPI စနစ်ကို အသုံးပြုပြီး စာရင်းကောက်ယူပြီးနောက် အချက်အလက်များကို ရုံးချုပ်ဆာဗာသို့ ပေးပို့သည့်စနစ်များ၊ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်ပို့ချသည့်အခါ ဘာသာရပ်သင်ခန်းစာများအပြင် ဖြေဆိုသူမကြိုက်နှစ်သက်သည့် စကားအသုံးအနှုန်းများ မသုံးမိစေရန်၊ Tablet အသုံးပြု၍ လက်တွေ့လေ့ကျင့်မှုများ၊ ဉာဏ်စမ်းပဟေဠိများဖြင့် လေ့ကျင့်မှုများ၊ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် ရရှိလာသော အချက်အလက်မှန်ကန်မှသာ နိုင်ငံရဲ့ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် သင်တန်းသူ၊ သင်တန်းသားများအား မိမိတို့၏ နည်းပြတာဝန်များကို မိမိတို့ရဲ့ အတွေ့အကြုံများနဲ့ ပေါင်းစပ်ပြီး သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အဆင့် သင်တန်းပြီးဆုံးသွားသော ဆရာ၊ ဆရာမများအား မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းနည်းပြ ခန့်အပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**အာကာ(ပြန်/ဆက်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁၄)၊ Social Business စီမံကိန်းအတွင်းမှ အေးမြမန္တလာ အိမ်ရာအမှတ်(B-1B)၊ ဧရိယာ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ အငှားဂရန်မြေကွက်အား လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူများဟု အဆိုပြုသူ ၁။ ဦးအောင်ကျော်မိုး (ဘ)ဦးအောင်မြင့်(၉/မထလ(နိုင်)၀၃၅၄၃၉)၊ ၂။ ဒေါ်ပြုံးပြုံးလှိုင် (ဘ) ဦးချစ်လှိုင်(၁၂/လမန(နိုင်)၀၀၁၃၅၉)တို့ထံမှ ဦးသိန်းဇော်မင်း (ဘ)ဦးပြုံးစိ(၉/ခမစ(နိုင်)၀၁၃၇၄၁)မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပွင့်ရည်ဦး (ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့်၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၁၉-၉၄၂၀၂၀၄၇၇**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၁)၊ ဦးပိုင်အမှတ်(၈၅)၊ ၆၁လမ်းနှင့်၆၂လမ်းကြား၊ ၁၁၈လမ်းနှင့်၁၁၉လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၃၁၄၈/၉၁-၉၂)အရ ဦးကျော်ဆင့် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၀၈၇၂၀၅) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမျိုးဝင်းအောင် မှတ်ပုံတင်အမှတ်(၉/ပကခ(နိုင်)၀၂၈၅၃၉)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၁၀)၊ ဦးပိုင်အမှတ်(၃၄)၊ ၄၉လမ်း၊ ၁၁၂လမ်းနှင့်၁၁၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်မြသင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၃၂၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန်းငွေး(၉/မနမ(နိုင်)၀၅၁၃၄၅)၏ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင် ပါရှိလာမည့် မင်နီမှတ်ချက်အား ပယ်ဖျက်ပေးပါရန် ထပ်မံလျှောက်ထားလာမှုအား ကန့်ကွက်နိုင်ကြောင်း သတင်းစာတွင် ထည့်သွင်းကြော်ငြာစေခဲ့ရာ ယခုဂရန်ပယ်ဖျက်မိန့်ထုတ်သည့်အချိန်ထိ ကန့်ကွက်သူမရှိခြင်းကြောင့် ဒေါ်ခင်မြသင်း အမည်ပေါက်တောဂရန် စာချုပ်အမှတ်(၇၂၁၉/၁၉၉၀-၁၉၉၁)အား ဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၁)၊ ဦးပိုင်အမှတ်(၂၉-ခဲစင်း)၊ ၁၁လမ်းနှင့်မဟာသန္တာရုံလမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာဝင်း(၉/မရမ(နိုင်)၀၅၃၀၂၃)၊ ဦးဝဏ္ဏလင်းထွဋ်(၉/မရမ(နိုင်)၀၄၆၄၇၈)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၁)၊ ဦးပိုင်အမှတ်(၄၃-ခဲစင်း)၊ ၁၁လမ်းနှင့်မဟာသန္တာရုံလမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာဝင်း(၉/မရမ(နိုင်)၀၅၃၀၂၃)၊ ဦးဝဏ္ဏလင်းထွဋ်(၉/မရမ(နိုင်)၀၄၆၄၇၈)တို့က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၂၁)၊ ဦးပိုင်အမှတ်(၃၃-ခဲစင်း)၊ ၁၁လမ်းနှင့်မဟာသန္တာရုံလမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာဝင်း(၉/မရမ(နိုင်)၀၅၃၀၂၃)၊ ဦးဝဏ္ဏလင်းထွဋ်(၉/မရမ(နိုင်)၀၄၆၄၇၈)တို့က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၄၁၅-S)၊ ဦးပိုင်အမှတ်(၂၄-တ)၊ ၁၂လမ်းနှင့်၁၄လမ်းကြား၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဦးမျိုးလွင်၊ ဒေါ်မြင့်မြင့်အေး အမည်ပေါက်ဂရန်မြေကွက်အား ဒေါ်မြင့်မြင့်အေး(၉/မရမ(နိုင်)၀၄၆၅၅၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၀၄၀/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးလွင်(၉/မရမ(နိုင်)၀၇၁၇၂၂)က ၎င်းကိုယ်တိုင်နှင့်အတူ ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂၂)၊ ဦးပိုင်အမှတ်(၅၀-ခ-၂)၊ ဧရိယာ(၀ ဒသမ ၀၀၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမောင်မောင်တင် အမည်ဖြင့် ရရှိထားသော (စလစ်)မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းစွာဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်မြင့်မင်းသူ (ဘ)ဦးဇော်မင်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူနေထိုင်ရန် သဘောတူညီပြီး ရောင်းကြေးငွေများထဲမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါစရန်ငွေပေးချေထားသည့် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

## အကွက်အမှတ်(၉၀-၄၇)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက မြေကွက်ထဲမှ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ပတ်သက်ပြီး ဖခင် ဦးစက်ပိုလ်နှင့် မိခင် ဒေါ်ညိုလှ အပါအဝင် ကျွန်တော် ဦးဝင်းဆွေတို့၏ ခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ်မပြုလုပ်ရန်အတွက် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(၉၀-၄၇)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကထဲမှ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်ကို ဖခင် ဦးစက်ဗိုလ်နှင့် မိခင် ဒေါ်ညိုလှတို့မှ ငွေများထုတ်ပေးပြီးသားဖြစ်သူ ဦးစိုးမင်းအောင် နာမည်ခံ၍ ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ဦးစိုးမင်းအောင်မှာ (၂၈-၆-၂၀၂၁)ရက်က (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်ကို ဖခင် ဦးစက်ဗိုလ်နှင့် မိခင် ဒေါ်ညိုလှတို့ အပါအဝင် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဆွေတို့၏ ခွင့်ပြုချက်မရှိဘဲ အရောင်းအဝယ် မပြုလုပ်ရန်နှင့် ရောင်းမှားဝယ်မှား မဖြစ်စေရန်အတွက် အများသိစေရန် အသိပေးကြေညာခြင်းဖြစ်ပါသည်။

**ဦးစက်ဗိုလ်၊ ဒေါ်ညိုလှနှင့် ဦးဝင်းဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်မေ (LL.B) ဒေါ်ယဉ်ယဉ်ငွေ (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၅၇လမ်း၊ (၁၁၃)လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၀၄၆၉၁၈၈၊ ၀၉-၄၀၀၈၁၁၁၉၂၊ ၀၉-၇၉၄၉၉၄၁၂၃**

## ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကုလားကြီးခုံရွာ၊ ကွင်း/အကွက်အမှတ်(၅၂၂/ငွေတောင်ကွင်း)၊ ဦးပိုင်အမှတ်(၂၅/၂)၏ ပုံစံ(၇)မူရင်းပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ရွာနေ ဒေါ်ညွန့်ညွန့်စိန် (ဘ)ဦးအောင်ကြွယ်(၉/ပသက(နိုင်)၀၃၇၈၁၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၂၂/ငွေတောင်ကွင်း)၊ ဦးပိုင်အမှတ်(၂၅/၂)၊ မြေချိန်ဧရိယာ(၁ ဒသမ ၁၈)ဧက အကျယ်အဝန်းရှိ ဦးငွေး(ခ)ဦးမောင်ငွေး အမည်ပေါက် ယာမြေကွက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ညွန့်စိန်မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းအမွေဆက်ခံခွင့်ဖြင့် လက်ရှိထားလုပ်ကိုင်ပိုင်ဆိုင်လျက်ရှိသော ယာမြေကွက်ကြီးဖြစ်ပါသည်။ အဆိုပါ ယာမြေကွက်အတွင်းမှ (၀ ဒသမ ၀၅၁၁)ဧက အကျယ်အဝန်းစီရှိသော မြေကွက်အစိတ်အပိုင်း (၄)ကွက်ကို ယနေ့အချိန်အထိ ဝယ်ယူသူ ဒေါ်သန်းသန်းခိုင် အပါအဝင် (၄)ဦးကိုသာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညွန့်ညွန့်စိန်ကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချထားပြီးဖြစ်ပြီး ကျန်အစိတ်အပိုင်းများမှာ ကျွန်ုပ်မိတ်ဆွေကိုယ်တိုင် လက်ရှိထား လုပ်ကိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

ယခုအခါ အဆိုပါ ယာမြေကွက်ကြီး၏ ပုံစံ(၇)မူရင်းမှာ ခိုးယူခံရသဖြင့် ပျောက်ဆုံးသွားကြောင်း (၂၁-၈-၂၀၂၄)ရက်တွင်မှ သိရှိခဲ့ရပြီး သက်ဆိုင်ရာအား အကြောင်းကြားခဲ့သော်လည်း ယနေ့အချိန်အထိ ပျောက်ဆုံးလျက်ရှိပါသည်။ သို့ဖြစ်ရာ အထက်ပါ ယာမြေကွက်နှင့်ပတ်သက်၍ အမှန်တကယ် လုပ်ကိုင်ပိုင်ဆိုင်ခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ် ပေးအပ်ထားရှိခြင်းနှင့် အခြားနည်းလွှဲပြောင်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း၊ ပုံစံ(၇)မူရင်းအား တွေ့ရှိပါကလည်း လူကြီးမင်းတို့အနေဖြင့် လက်ဝယ်ထားရှိခွင့်မရှိကြောင်း၊ အလွဲသုံးစားပြုလုပ်ခွင့်မရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ အခွင့်အရေးအား ချိုးဖောက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးပြည့်ဖြိုးမောင်မောင်(မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၈၄၉)**
**အခန်း(၃/အေ)၊ တာဝါ(၃)၊ သီရိမင်္ဂလာကွန်ဒို၊ ၂၇လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**09-2035301, 09-2000184, 02-2844959**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးများ ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများနှင့် မိုးသည်းထန်စွာ ရွာသွန်းစဉ် ပျက်စီးခဲ့မှုများအား သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် စက်တင်ဘာ ၁၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးလှမိုး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သွားရောက်၍ ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်ကြီးများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ပြုပြင်ထိန်းသိမ်းလျက်ရှိမှု အခြေအနေများနှင့် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့စဉ် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ရွှေစည်းခုံစေတီတော်မြတ်ကြီး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းကြီးတို့ တည်ထားခဲ့သည့် ရွှေစည်းခုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ကြေးကူတိုက်များထိန်းသိမ်းထားရှိမှု၊ ရင်ပြင်တော်ရှိ မူလသဲကျောက်ပြားများအား သုတေသနပြုဖော်ထုတ်ထားရှိမှု၊ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ဘက်စောင်းတန်းရှိရှေးဟောင်းလက်ရာ အုတ်တံတိုင်းများ ရေစိမ့်ဝင်ပြိုကျပျက်စီးနေမှု၊ စောင်းတန်းများ ပြုပြင် ထိန်းသိမ်းလျက်ရှိမှု၊ ရှေးဟောင်းလက်ရာ သာသနာရေးဆိုင်ရာ အဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ ရင်ပြင်တော်၌ စကျင်ကျောက်ပြား ပတ်လမ်း ဆောင်ရွက်ထားရှိမှု၊ စည်တော်ကြီးများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရင်ပြင်တော်ရှိ မူလသဲကျောက်ပြားများအား သုတေသနပြုဆောင်ရွက်ပြီး ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ထားရှိရန် လိုကြောင်း၊ သာသနာရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင်လည်း မူလအလှူရှင်များ၏ ဆွေမျိုးများကို ပြန်လည်ဆက်သွယ်၍ လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန်နှင့် အဆောက်အအုံများ၏ သမိုင်းမှတ်တမ်းများ ပြုစုထားရှိရန်လိုကြောင်း၊ ရှေးဟောင်း သာသနာရေးဆိုင်ရာ အဆောက်အအုံများသည်အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျထိန်းသိမ်းထားရှိသွားရန်လိုကြောင်း၊ စေတီတော်ကြီး ပရိဝုဏ်တော်အတွင်း အခြားအဆောက်အအုံ အသစ်များ ဆောက်လုပ်ခြင်း မပြုရန်လည်း လိုကြောင်းနှင့် စေတီတော်ကြီးရှိ ရှေးဟောင်း ကျောက်စာများကိုလည်း စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂေါပကအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရွှေစည်းခုံစေတီတော်မြတ်ကြီးသည် နှစ်ပေါင်း ၉၆၀ ကျော်ခန့် သက်တမ်းရှိပြီဖြစ်သဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းရန်လိုပြီး ရှေးမူမပျက် ခေတ်နှင့်အညီ ဖြစ်ရန်လိုကြောင်း၊ အခြားစေတီပုထိုးများကိုလည်း အလားတူ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ရွှေစည်းခုံစေတီတော်ကြီးသည် ပုဂံဒေသရှိ ရှေးဟောင်းစေတီတော်များတွင် အထင်ကရဖြစ်သည့် စေတီတော်ကြီးဖြစ်ပြီး အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရားတို့သည်လည်း အထင်ကရဖြစ်သည့် ရှေးဟောင်းသမိုင်းဝင်စေတီတော်ကြီးများပင် ဖြစ်ပြီး အခြားအထင်ကရ ဖြစ်သည့် ရှေးဟောင်းဘုရားစေတီများလည်း များစွာရှိကြောင်း။

စေတီတော်ကြီးများကို ခေတ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရာတွင် ရေရှည်စီမံချက်များဖြင့် စနစ်တကျ စဉ်းစားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုလတ်တလော ဆောင်ရွက်ထားသည့် ထိန်းသိမ်းထားရှိမှုများသည် လိုအပ်ချက်များစွာ ရှိနေသေးသည်ကိုတွေ့ရကြောင်း၊ ရင်ပြင်တော်ပတ်လမ်းများကိုလည်း စနစ်တကျဖြစ်အောင် ပြန်လည်ဆောင်ရွက်ရန်လိုပြီး ဘုရားဖူးလာပြည်သူများ စိတ်နှလုံးအေးချမ်းစွာဖြင့် အဝေး/အနီးမှ ကြည်ညိုဖူးမြော်နိုင်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိန်းသိမ်းမှုလုပ်ငန်းများကို ရေရှည်ဆောင်ရွက်နိုင်ရန် Master Plan များ ထားရှိရန်လိုပြီး အမြင် ကျယ်ကျယ်ဖြင့် စဉ်းစားဆောင်ရွက်ကြရန် လိုကြောင်း၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ခုကောင်း၊ နှစ်ခုကောင်း ဆောင်ရွက်၍ မရဘဲ အားလုံးကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ရေဝင်ရေထွက်များ စနစ်များမှအစ စနစ်တကျဖြင့် တွက်ချက်၍ ပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

စာမျက်နှာ ၅ သို့ ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ မူလသဲကျောက်ပြားများအား သုတေသနပြုဖော်ထုတ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

- ❖ ရွှေစည်းခုံ စေတီတော်မြတ်ကြီးသည် နှစ်ပေါင်း ၉၆၀ ကျော်ခန့် သက်တမ်းရှိပြီဖြစ်သဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းရန်လိုပြီး ရှေးမူမပျက် ခေတ်နှင့်အညီ ဖြစ်ရန်လို
- ❖ အခြားစေတီပုထိုးများကိုလည်း အလားတူ ထိန်းသိမ်းဆောင်ရွက်သွားရန် လို